မိုင်းပုတ်ကျေးရွာ

မိုးညှင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၇ – ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မိုင်းပုတ်ကျေးရွာ၊ မိုးညှင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

နန့်ပုတ်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊မိုးညှင်းမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ

**ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**
**ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**
**ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**
**ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**
**ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**
**ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ**
**ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ**
**ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**
**ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**


(၂) ကဏ္ဍအသီးသီး၏**လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**
**ဇယား ၁၄** ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**
**ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း**
**ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**
**ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**
**ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
**ဇယား** ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**
ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့် အခက်အခဲ**များ
ဇယား ၂၄ **ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**
**ဇယား ၂၅ ရွှေ့ပြောင်းသွားလာ**ရခြင်း၏ အဓိက အကြောင်းရင်း
ဇယား **၂၆** ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
**ဇယား** ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
**ဇယား** ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ **သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ **အဖြစ်များသော** ရောဂါများ
**ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု**
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား ၄၂ ရ**ေကြောင်း** သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား **၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**

ဇယား **၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

**ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု**

**ဇယား ၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ**

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉**

**ကိုးကားစာရင်း ၇၄**

အတိုကောက်စကားလုံးများ

AIDS ခုခံအားကျဆင်းမှုရောဂါ

DRD ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

HIVခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်

MADB မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

MEB မြန်မာ့စီးပွားရေးဘဏ်

MMK မြန်မာကျပ်

MoALI စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

NGO အစိုးရမဟုတ်သောအဖွဲ့အစည်း

PRA ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း

| | |
|---|---|
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း


ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

နိုဝင်ဘာလ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့<br>မိုင်းပုတ်ကျေးရွာ<br>မိုးညှင်းမြို့နယ်

# မိုင်းပုတ်          ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွနုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာ တွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်း အနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ဟိုပင်-ဆယ်ဇင်းကားလမ်းမပေါ်တွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ မိုးညှင်းမြို့နှင့် (၇၅)မိုင်ခန့် ဝေးကွာ၍ ရွာမှ အင်းတော်ကြီး ကန်ပတ်လမ်းနှင့် ဆက်သွယ်ထားသော (၃၁)မိုင်ရှိ ကားလမ်းမှာ ခက်ခဲကြမ်းတမ်း၍ အဆင်ပြေမှု လုံးဝမရှိပါ။ "မေလ"ဆန်းမိုးကျချိန်မှစ၍ နိုဝင်ဘာလကုန် အထိ (၆)လကျော်ခန့်သည် ကားလုံးဝသွာ၍ မရသော အနေအထားတွင် ရှိပါသည်။ ကုန်စည်နှင့် ခရီးသွားလာရေးအတွက် မော်တော်ဆိုင်ကယ်များကိုသာ (၁)ရက်လုံး စီးနင်း၍ ခက်ခဲစွာသွားလာကြရပါသည်။ နန့်ပုတ်ကျေးရွာ၏ အနောက်ဘက် (၄)ဖာလုံအကွာတွင် "နန့်စလောင်း" ချောင်းခြား၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောက်ဘက် (၂)ဖာလုံခန့်နှင့် အရှေ့ဘက် တွင် အင်းတော်ကြီးဘက်မှ စီးဆင်းလာသော နန့်ပုတ်ချောင်းခြား၍ ဖားကန့်မြို့နယ်၊ တောင်ဘက်တွင် လွန်စွာကျယ်ပြန့်လှ၍ ဒေသအခေါ် "ပါကြီးကွင်း"ဟု ခေါ်တွင်သော မြေလွတ် မြေရိုင်းများစွာနှင့် တူ လယ်ကေ များစွာ ဖော်ထုတ်၍ရသော တောရိုင်းမြေ ရှိနေပါသည်။

ကျေးရွာ၏ ပတ်ဝန်းကျင်(၂)ဖာလုံခန့် ပတ်လည်တွင် ရွှေလုပ်ငန်းများကြောင့်ပျက်စီးသွားခါ စိုက်ပျိုး၍ မရသော ကျောက်စရစ်မြေစာပုံများရှိ၍ တပိုင်တနိုင်စိုက်ခင်းများကို ကျေးရွာအနီးတွင် စိုက်ပျိုးနိုင်ခြင်းမရှိပါ။ ရာသီဥတုမှာလည်း သစ်တောများပြုန်းတီးခြင်းကြောင့် ရာသီဥတုဖောက် ပြန်သည့် ဆိုးကျိုးများကို ခံစားကြရပါသည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေနှင့် ပတ်သက်၍ လွန်ခဲ့သော (၃)နှစ်ခန့်မှ စတင်၍ မြေလွတ်မြေရိုင်းများကို ခုတ်ထွင် ရှင်းလင်း၍ လယ်မြေအဖြစ် လုပ်ကိုင်နေကြပြီဖြစ်ပါသည်။ သို့ရာတွင် လယ်မြေဖော် ထုတ်ရာနှင့် စိုက်ပျိုးရာ၌ လိုအပ်သော နည်းပညာ၊ လယ်ယာသုံးပစ္စည်း၊ ငွေအရင်း အနှီး၊ ကျွဲနွား၊ စပါးမျိုးကောင်းမျိုးသန့်ငှာဆိုင်ရာများ၏ ခွင့်ပြုချက်(ဥပမာ ပုံစံ-၇)စသော အခက်အခဲများစွာကို လယ်သမားများအနေဖြင့် ကြုံတွေ့နေပါသည်။ ယခုဖော်ထုတ်ပြီးသော လယ်ကေ (၂၆၉)ကေတွင်

လယ် (၁၅၀)ကေခန့်သာ စိုက်ပျိုးနိုင်သေးသည်ကို တွေ့ရှိရပါသည်။ ယာမြေ (၁၂၁)ကေတွင်လည်း နည်းပညာနှင့် ငွေအရင်းအနှီးတတ်နိုင်မှု နည်းပါးခြင်းကြောင့် အထွက်နှုန်းမှာ သိသာစွာ လျော့နည်းနေပါသည်။ လယ်(၁)ကေ၏ ပျမ်းမျှထွက်နှုန်းမှာလည်း (၁)ကေ တင်း(၅၀)ခန့်သာ ထွက်ရှိပါသည်။ ယာမြေများတွင် စိုက်ပျိုးသော ငှက်ပျော နှင့် ဟင်းသီးဟင်းရွက် စားသုံးသီးနှံ ထွက်နှုန်းမှာလည်း (၁)ကေပျမ်းမျှ (၁၅၀)ပိဿာကျော် ထွက်ရှိပါသည်။ ရာသီဥတုမမှန်ကန်မှုကြောင့် လယ်၊ ယာနှင့် စားသုံးသီးနှံများ စိုက်ပျိုးရာ၌ အဆင်ပြေမှုလည်းနည်းပါးနေပါသည်။

**၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

အိမ်ထောင်စုပေါင်း (၁၈၃)စုနှင့်ကျား(၃၉၉)၊ မ(၃၆၅)ဦးဖြင့် လူဦးရေပေါင်း(၇၆၃)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄.၁၇)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း (၅)ဦး နီးပါးခန့်ရှိပါသည်။ ကျေးရွာတွင် တိုင်းရင်းတိုင်းပေါင်းစုံ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၆၂.၆၉)% ခန့်ရှိပြီး အများစုမှာ အသက်မွေးမှုပညာရပ် များကို တတ်မြောက်ခြင်းမရှိပဲ ရွှေလုပ်ငန်းနှင့် ကျပန်းလုပ်ငန်းများကိုသာ လုပ်ကိုင်နေကြရပါသည်။ လူငယ်အများစုမှာလည်း မူးရစ်ဆေးဝါး အန္တရာယ်များနှင့် အလွန်နီး စပ်နေပါသည်။ စနစ်တကျ လေ့ကျင့်သင်ကြား၍ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးများကို ပါဝင်ဆောင် ရွက်စေမှသာ ကောင်းမွန်တိုးတက်လာပါမည်။ အလုပ်လုပ်နိုင်သည့် အရွယ်ရှိ အမျိုးသားဦးရေနှင့် အမျိုးသမီးဦးရေသည် ပျမ်းမျှအနေအထားတွင်ရှိပါသည်။အမျိုးသမီးများနှင့်ပတ်သက်၍လည်းအိမ်တွင်းမှုစသောအသက်မွေးမှု အတတ်ပညာရပ်များကို စနစ်တကျ လေ့ကျင့်သင်ကြားပေးပါက ကျေးရွာတိုးတက်ရေးအတွက် များစွာအထောက် အကူဖြစ်စေနိုင်ပါသည်။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည် ရွှေတွင်းလုပ်ငန်းဖြစ်ပြီး အဆင်မပြေမှုများစွာရှိ၍ တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ ဆင်းရဲချမ်းသာ ကွာဟမှုကြီးမားနေသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအာလုံး၏ (၆၇.၇၅)%သည် ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုအဆင့်အဖြစ်ခံယူကြပြီး(၇)%သည် ချမ်းသာအဆင့် (၂၅.၆၈)%ခန့် သည် အလယ်အလတ် ဆင့်ရှိ ကြသည်ဟု သတ်မှတ်ပါသည်။ ကျေးရွာတွင် ရွှေတွင်းလုပ်ငန်းပိုင်ဆိုင်မှု လယ်ယာမြေပိုင်ဆိုင်မှု၊ စက်ပစ္စည်းဆိုင်၊ ကုန်စုံဆိုင်၊ ပို့ဆောင်ရေး(ကယ်ရီ)၊ ကျပန်း၊ အိုးမဲ့အိမ်မဲ့လူတန်းစား စသည့်ဖြင့် အလွှာစုံ ရပ်တည်နေကြပါသည်။ မှော်ဒေသဖြစ်သောကြောင့် လူဦးရေ ဝင်ထွက်နှုန်းမှာလဲ အမြဲတမ်းပြောင်းလဲနေပါသည်။ ကျေးရွာ၏အများစုမှာ ရွှေလုပ်ငန်းနှင့်ပတ်သက်၍ မှီခိုနေရသော အိမ်ထောင်စု

ဝင်များသာ များပြားနေပါသည်။ လယ်၊ ယာ၊ မြေများဖော်ထုတ်မှုတွင်လည်း ကြိုတင်၍ ဦးပိုင်သတ်မှတ်ထားခြင်းများ၊ လက်ဝါးကြီးအုပ်ထားခြင်း၊ ငွေကြေးအရင်းအနှီးလုံလောက်မှုမရှိခြင်း၊ နည်းပညာမကျွမ်းကျင်ခြင်း၊ ဌာနဆိုင်ရာချိတ်ဆက်မှု အားနည်းခြင်းစသော အခက်အခဲများကြောင့် ကျေးရွာတွင်းရှိ အိမ်ထောင်စုအများစုမှာ ဆင်းရဲမွဲတေမှုဒဏ်ကို ခံစားနေရပါသည်။

ဆင်းရဲအဆင့်သည် ကျေးရွာတွင်အများဆုံးဖြစ်ပြီး အများစုမှာအိမ်ယာမြေ ပိုင်ဆိုင်မှုမှအစ နေစဉ် ဘဝရပ်တည်ရေးအတွက် ခက်ခဲစွာရုန်းကန်နေကြရပါသည်။ မြေယာမြေမဲ့အိမ်ထောင်စု အရေအတွက်မြင့်မားပြီး (၇၃.၂၂)ရာခိုင်နှုန်းထိရှိကာ အများစုမှာ ရွှေလုပ်ငန်းနှင့်ပတ်သက်သော ကျပန်းအလုပ်များကို လုပ်ကိုင်နေကြရပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု များပြားပြီး ရာသီအလိုက်နှင့် ကျပန်းအလုပ်အပါအဝင် လက်လီလက်ကားဈေးဆိုင်များ၊ ခေါင်းရွက်ဗျတ်ထိုးဈေးသည်များ၊ တနိုင်တပိုင် မွေးမြူရေး လုပ်ငန်း စသည့်ဖြင့် အလုပ်မျိုးစုံလုပ်ကိုင်နေကြရပါသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ (၃၀)% ဖြစ်သော (၃၇)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ (၆၈.၁၈)% သည် သူတပါးထံမှ ချေးငှားပြီး နပ်မှန်စားသုံးနိုင်ကြောင်း၊ (၃၅.၁၃)%မှာ သူတပါးထံမှ မချေးမငှားပဲ (၃)လခန့်စားသုံးနိုင်ကြကြောင်း၊ (၁၆.၂၁)%မှာ (၃)လမှ (၅)လခန့်၊ (၆)လမှ (၁၂)လခန့် သူတပါးထံမှ ချေးငှားစရာမလိုပဲ နပ်မှန်စားသုံးနိုင်ကြကြောင်း တွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအာလုံးသည် အကြွေးငွေ (၅၀၀၀၀)ကျပ် မှ (၅၀၀၀၀၀)အထိ တင်ရှိနေကြပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစု၏ ကျန်းမာရေးအခြေအနေသည် အတော်အသင့် ကောင်းမွန်ပါသည်။ သို့သော်လည်း ရွှေလုပ်ငန်းကိုသာ အဓိကထား လုပ်ကိုင်ကြရသဖြင့် လုပ်ငန်းပင်ပန်းခြင်း၊ စားသောက်ရာတွင်လည်း ကျေးရွာထွက်ပဲသီး/မုန့်ညှင်း/ခရမ်းသီး/မျှစ် စသည့်တို့ကိုသာ ဟင်းကြမ်း အဖြစ်နေ့စဉ်နေ့တိုင်း စားသောက်ကြရသဖြင့် အာဟာရအားနည်းခြင်း၊ အစဉ်ပြေသည့် ရွှေလုပ်ငန်း များတွင်လည်း သားငါးဟင်းများကို (၁)ပတ်လျှင် (၂-၃)ရက် သာကျွေးမွေးနိုင်သဖြင့် ကျန်းမာရေး အတွက် လိုအပ်သည့် အာဟာရပြည့်ဝစွာမရရှိနိုင်ခြင်းစသည့် အချက်များ တွေ့ရပါသည်။

ကျေးရွာရှိ ရွာသားများသည် ရေရရှိမှုအတွက် (သောက်သုံးရေအတွက်) လက်ကျင်း တူးတွင်း များကိုသာ အဓိကထားသုံးစွဲရပါသည်။ ထို့အတွက် ရေသန့်ရှင်းမှု အားနည်းခြင်း များစွာရှိပါသည်။ အိမ်သာသုံးစွဲရာတွင်လည်း ကျင်းတကျ်အိမ်သာနှင့် မြေပေါ်အိမ်သာများကိုသာ အများစုအသုံးပြုကြ

ပါသည်။ အချို့အချို့သော အိမ်ထောင်စုများဆိုလျှင် တောထိုင်သည့် ဓလေ့ကို ပင်မပျောက်ပျက် သေးကြောင်း ဝမ်းနည်းစွာတွေ့ကြုံရပါသည်။

အထက်ပါအချက်များသည် ကျန်းမာရေးနှင့် မညီညွတ်သလို ကျန်းမာရေးအသိဗဟုသုတ နည်းပါးကြောင်းလည်း သိသာထင်ရှားလှပါသည်။ ရွာ၏မြောက်ဘက် (၂.၅)မိုင်ခန့်ကွာဝေးသော ဆယ်ဇင်းကျေးရွာတွင် ကျန်းမာရေးဆေးခန်းရှိပါသည်။ ရွှေမော်ဒေသဖြစ်သည့် အလျောက်အနီး ပတ်ဝန်းကျင်ရှိကျေးရွာ မော်ဒေသများကို ကျန်းမာရေးအသိများ ထဲထဲဝင်ဝင် ဟောပြောပေးမှု နည်းလမ်းကောင်းများ ညွှန်ပြပေးမှုမရှိပါ။ (၇၅)မိုင်ခန့်ကွာဝေးသော မိုးညှင်းမြို့နယ်ဆေးရုံ၏ ပံ့ပိုးကူညီမှု ပို၍ပင်မမျှော်မှန်းနိုင်ပါ။ သို့သော်လည်း အရေးပေါ်လူနာများရှိပါက ထိုမျှဝေးကွာသော ဆေးရုံကိုပင် ခက်ခဲစွာသွားရောက်၍ ကုသကြရပါသည်။

ကျေးရွာတွင် ကျန်းမာရေးအတွက် လတ်တလောဖြေရှင်းကုသပေးနေသော ဆေးခန့်လေး (၃)ခန်း တော့ကံကောင်းစွာရှိပါသည်။ ထိုဆေးခန်းလေး (၃)ခန်းမှ ဖျား/နာ/ကိုက်ခဲ/ ဗိုက်အောင့်/ ဗိုက်နာစသော အပေါ်ယံအဖြစ်များသော ရောဂါဝေဒနာရှင်များကိုသာ ကုသမှုပေး နိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော်ထိုဆေးခန်းမှဆေးရောင်း/ဝယ်သူများသည် (Nurse Aid) ဆေးဝါးကျွမ်းကျင် နှင့် အကူသူနာပြုအဆင့်မျှသာ ရှိပါသည်။ ထို့ကြောင့် လုံလောက်သော ကျန်းမာရေးကုသမှု မပေးနိုင် ပါ။ ဆယ်စုနှစ် (၁)ခုမျှရွာသားများ၏ ကျန်းမာရေးကို အထိုက်အလျောက် ကုသပေးနေသော ထိုဆေးခန်း/ဆေးရောင်း/ဝယ်ယူများကပင် ရွာသား များ၏အသက်ကယ်တင်ရှင်ကြီးများအဖြစ် အစဉ်အလျောက်အားကိုးအားထားပြုကာ ကုသ ခဲ့ကြရပါသည်။ နီးစပ်ရာဆယ်ဇင်း ကျန်းမာရေး ဆေးခန်းနှင့် ချိတ်ဆက်ကာ လိုအပ်လျှင် လိုအပ်သလို မိုးညှင်းဆေးရုံသို့ လွှဲပြောင်းကာ ကုသမှုခံယူ ကြရပါသည်။ ထိုထဲကပင် လမ်းပန်းဆက်သွယ်ရေးမကောင်းမှုကြောင့် ပျက်စီးဆုံးရှုံးကြရသော လူနာများလည်း မရေမတွက်နိုင်ပါ။ မော်ဒေသ၊ မော်ကျေးရွာဖြစ်သည့်အလျောက် ကျေးရွာရှိ လူငယ် လူရွယ်များ မူးယစ်ဆေးဝါးသုံးစွဲမှု အလွန်ပင် ရေပန်းစားလာသည်။ ထိုအချက်သည် ကျေးရွာ၏ အဓိကဆိုးရွားသော ကျန်းမာရေးအသိပညာဆိုးရွားမှု အချက်ကြီးတစ်ချက် အဖြစ်အသိပေး တင်ပြ ခြင်းဖြစ်ပါသည်။

အချုပ်ဆိုရသော် ကျေးရွာတွင် ဆမလက်မှတ်ရ ဆရာဝန်မရှိခြင်း ကျန်းမာရေးမှူး အပါအဝင်သားဖွားမီးယပ်နှင့် သူနာပြုများလုံလောက်စွာမရှိခြင်း (Councelling)ခေါ် မူးယစ်ဆေးဝါး နှစ်သိမ့်ဆွေးနွေးမှု ကျန်းမာရေး အသိပညာပေးမှု အဖွဲ့အစည်းများမရှိခြင်း စသည်အချက်များ ဖြေရှင်းပေးပါရန် တင်ပြတောင်းဆိုအပ်ပါသည်။

**(c) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့် မြင့်မားကြောင်းတွေ့ရှိရပါသည်။ ရွာသား အများစုသည်အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေ အတွက်မှာ ၉ နှစ် အထက်လူဦးရေ၏ ၄%ကျော်ဖြင့် အသင့်အတင့်များပြားသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိမူလတန်းကျောင်းနှင့် အလယ်တန်း၊ အထက်တန်း ကျောင်းပညာ တို့အတွက် သံရွာကျေးရွာနှင့် ကျောက်ဆည်တို့တွင် တက်ရောက်သင်ကြား နိုင်ကြ သည်။ သို့သော် သက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များ အတွက်ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း နည်းပါးဆဲဖြစ်သည်။

## (စ) ကျား/မဆိုင်ရာဆက်နွယ်မှု

ကျား/မရေးရာ ကိစ္စဆိုင်ရာအနေအထားမှာ ကျေးရွာတွင်း၌ တစ်ချို့သော အမျိုးသမီးများ သည် သာမာန်ယောက်ကျားလေးများထက် (သို့) တူညီသော အရည်အသွေး အသင့်အတင့်ရှိကြောင်း တွေ့ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျေးရွာအတွင်းသာရေး၊ နာရေးအမှုကိစ္စအဝဝတွင် အမျိုးသမီးများကြီး၊ ငယ်၊ အလတ် သူ့နေရာနှင့် သူတာဝန်အသီးသီးကို ကိုယ်ရောစိတ်ပါ ထမ်းဆောင်နေကြကြောင်း တွေ့ရှိရပါသည်။ အချို့သော အမျိုးသမီးများဆိုလျှင် ကိုယ်ပိုင်အသိဖြင့် အမျိုးသမီး(၄၊၅)ယောက်စုဖွဲ့၍ ကျေးရွာအတွင်း ငွေကြေးများ အလှူခံကာ မိမိရွာ၌ရှိသော ဘုန်းတော်ကြီးကျောင်းရှိ ညောင်ရေအိုးများ ပန်းလဲခြင်း၊ ဘုရားရင်ပြင်များအား ရေညှိ၊ အမှိုက်သရိုက် စသည့် ဘုရားဝေရာဝစ္စများဆောင်ရွက် နေကြောင်းကိုလည်း တွေ့ရှိရပါသည်။ အဆိုပါကိစ္စရပ်များကို ကြည့်ခြင်းအားဖြင့် ကျေးရွာရှိ အမျိုးသမီးများသည် ရပ်ရွာ၏ ကောင်းမွန်သော လုပ်ငန်းများကို တက်ကြွစွာပါဝင်လျှက်ရှိနေကြောင်း ဝမ်းမြောက်စွာ တွေ့ရှိပါ သည်။ ကျေးရွာအတွင်း၌ အမျိုးသားများသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ မဖွယ်မရာပြုကျင့်မှု၊ စော်ကားမှုများ တစ်စုံတစ်ခုမှ ယခုအချိန်ထိမတွေ့ရှိပါ။

သို့ပါ၍အမျိုးသား၊အမျိုးသမီးများသည် ပညာရေးအသိ အသင့်အတင့်ရှိနေပြီးဟု ယူဆ နိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းတွင် မူလတန်းအဆင့်နှင့် အလယ်တန်း အဆင့်ထိ အမျိုးသား/သမီးများ တူညီစွာတည်ရှိနေပါသည်။

သို့သော် ကျေးရွာတွင် နေ့စားလုပ်အားခမှာ အမျိုးသားများက ပိုမိုရရှိကြသည်။ တစ်နေ့ လုပ်ခယောကျားလေး(၅၀၀၀)ကျပ်ဆိုလျှင် အမျိုးသမီးများက (၃၀၀၀)ကျပ်သာရရှိနေ ပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်မှုလုံးဝမရှိပါ။ ကျား/မတန်းတူညီ မျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးနိုင်လျှင် ကျား/မခွဲခြားမှု၊ ဖွံ့ဖြိုး မှုတို့အတွက် အထောက်အကူဖြစ်လာနိုင်ပါသည်။

ကျေးရွာတွင်း၌ အထက်တန်းပညာ ပြီးဆုံးထားသော ကျား/မအရေအတွက်မှာ ပျမ်းမျှနီးပါးရှိသည်။ လေ့လာမှုအရ ကျေးရွာရှိ အမျိုးသမီးအများစုသည် အိမ်ထောင်စုတာဝန်ကို တာဝန်ယူထမ်းဆောင်နိုင်သော စွမ်းရည်ရှိကာ ထောင့်စေ့အောင်စွမ်းဆောင်နိုင်ကြကြောင်းကိုလည်း တွေ့ရှိရပါသည်။ ကျေးရွာတွင် မိန်းမဦးဆောင်သော (မုဆိုးမ)အိမ်ထောင်စုဦးရေမှာလည်း များပြားလှသည်။ မူးယစ်ဆေးဝါးပေါများသောဒေသဖြစ်နေခြင်း၏ အဓိကပြဖြစ်သည်။ မိန်းမများသည် လူဦးရေသားသမီးများပြားသော အိမ်ထောင်စုကို ကြမ်းတမ်းစွာဖြင့် လှုပ်ရှား ရုန်းကန်နေရသည်။

ကျေးရွာတွင် (၆၀)နှစ်အထက် အထူးစောင့်ရှောက်ရန်လိုအပ်သော သက်ကြီးရွယ်အို (၄/၅)ယောက်ခန့်နှင့် မသန်စွမ်းအမျိုးသမီး၊ ကလေးငယ်များလည်းရှိသည် သို့ဖြစ်ပါ၍ မိသားစုကျား/မ တန်းတူညီမျှမှု နှင့်ပတ်သက်၍ အသိပညာပေးခြင်း အလုပ်အကိုင်များ လိုက်ဖက်စွာ ဖန်တီးပေးခြင်း စသည့်စွမ်းရည်များမြင့်တင်ပေးနိုင်ပါမှ ကျား/မတန်းတူညီမျှ၊ ဖွံ့ဖြိုးမှုအတွက် အထောက်အပံ့ကောင်းများဖြစ်လာနိုင်ပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၅)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၁)ဖွဲ့ဖြင့် စုစုပေါင်း (၆)ဖွဲ့ရှိသည်။ ၎င်းအဖွဲ့များကို စီမံကွပ်ကဲပေးရသော ရပ်မိရပ်ဖအဖွဲ့မှာ ကျေးရွာ၏ အရေးပါဆိုသော အဖွဲ့တစ်ခုဖြစ်ပါသည်။ မီးသတ်အဖွဲ့မှာ ယခုအခါ ပြိုကွဲလုနီးပါးအခြေအနေတွင် ရှိနေသည်။ နာရေးကူညီမှုဆိုလျှင်လည်း တက်ကြွစွာဖြင့် လုပ်ဆောင်နိုင်ဆုံးသော အဖွဲ့အဖြစ်အသိ အမှတ်ပြုပြုရမည်ဖြစ်သော်လည်း သတ်မှတ်ခေါင်းဆောင် မရှိသေးခြင်း ကူညီပို့ဆောင်ရေးယဉ်၊ သတ်မှတ်ရုံးစသော ဖွဲ့စည်းပုံ အဂါရပ်ညီညွတ်မှုရှိသည်ကို မတွေ့ရပါ။ အမျိုးသမီးများအဖွဲ့သည် ကျေးရွာ၏သာရေး၊ နာရေးကိစ္စရပ်များ၏ ချက်ရေး၊ ပြုတ်ရေး ဘုန်းတော်ကြီးကျောင်းကိစ္စများတွင် အဓိကအာထားရသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ လူငယ်အဖွဲ့ဆိုလျှင်လည်း ခေါင်းဆောင်မှုပိုင်းက ခေတ်ပညာတက်လူလတ်ပိုင်းများမှ စနစ်တကျ ဖွဲ့စည်းပေးသော်လည်း၊ မူးယစ်ဆေးဝါးပေါများသော နယ်မြေဖြစ်ကာ ဝေဖန် ပိုင်းခြားနိုင်သော Education နိမ့်ကျမှုများကြောင့် ခွဲဝေတာဝန်ယူမှု အပိုင်းများတွင် များစွာအားနည်းနေသည်။ ပညာ ရေးဝန်ထမ်းနှင့် ပညာရေးဝန်ဆောင်မှု အားနည်းချက်များကြောင့် မူလတန်းပညာပြီးဆုံးလျှင် အများစုမှာ နီးစပ်ရာ ရွှေလုပ်ငန်းနှင့် ကယ်ရီ၊ ကျပန်းလုပ်ငန်းခွင်များသို့ ဝင်ရောက်သည်ကျ များသည်။ လက်ရှိကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သော ရွှေလုပ်ငန်း ရှင်များမှာလည်း

အရင်းအနှီးကုန်ကျစရိတ်များ၍ ရွှေရရှိမှု နည်းပါးခြင်းကြောင့် အကြွေးနွံတွင် နစ်ကာလည်ပတ် နေကြရသည်။ ဒေသ၏ကုန်ဈေးနှုန်းကြီးမြင့်မှုနှင့် ဝမ်းစာရှားပါးမှု အရ အခြားဝင်ငွေရ လုပ်ငန်း များဖြင့် ရပ်တည်ရန်လည်း ခက်ခဲသောနေအထားတွင် ရှိပါသည်။ အသက်မွေးမှုသင်တန်းများ၊ စွမ်းဆောင်ရည်မြင့်တင်ရေးသင်တန်း၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင် အခွင့်အလမ်း စသည့် ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် ဖော်ထုတ်ရသမျှ လယ်မြေများတွင် မိုးရွာသွန်းမှုရသော ရေဖြင့် စပါး တစ်မျိုးတည်း ကိုတစ်သီးစား စိုက်ပျိုးနိုင်သည်။ နည်းပညာနှင့် စိုက်စရိတ်၊ ကျွမ်းကျင် လုပ်သားရှားပါးခြင်းကြောင့် (၁)ကေအတွက်နှုန်းလည်း တင်း(၅၀)ခန့် သာထွက်ရှိပါ သည်။ ယာမြေများတွင် စိုက်ပျိုးသော ဟင်းသီးဟင်းရွက်နှင့် သီးနှံများမှာလည်း ပေါင်းမြက် ပေါများခြင်း၊ နည်းပညာ၊ မြေဆီမြေသြဇာမသုံးနိုင်ခြင်း၊ စိုက်ပျိုးရေးသုံး ကိရိယာမပြည့်စုံခြင်း များကြောင့် (၁)ကေအထွက်နှုန်းမှာ လွန်စွာနည်းပါးနေသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှု လုံးဝမရရှိခြင်းကြောင့် ဖော်ထုတ်ရေးနှင့် စိုက်ပျိုးရေးပစ္စည်း၊ ကုမ္ပဏီများ၏ ဝန်ဆောင်မှု စသည့်တို့နှင့် အလှမ်းဝေးနေပါသေးသည်။ အလုပ်သမားများဆိုလျှင်လည်း ရွှေလုပ်ငန်းများ၊ မီးသွေးလုပ်ငန်းများနှင့် ယှဉ်ပြိုင်၍ ငွေရမ်း ရသောကြောင့် လုပ်အားခပိုမိုပေးမှသာ ခေါ်ယူငှားရမ်းရနိုင်သောအနေအထားတွင် ရှိပါသည်။ သစ်တောများပြုန်းတီး၍ မိုးရွာသွန်းမှုမမှန် ခြင်းများကလည်း လယ်ယာလုပ်သူ တောင်သူများ အတွက် အခိက ဆုံးရှုံးမှုတစ်ရပ်ဖြစ်နေသည်။ လက်ရှိလုပ်ကိုင်နေသော လယ်သမားအုပ်စု အများမှာ အစိုးရအသိအမှတ်ပြု မြေပိုင်ဆိုင်ခွင့် (ပုံစံ-၇)မရရှိထားခြင်းကြောင့် အားတက်သရော လုပ်ကိုင်ခြင်း အားနည်းနေကြသေးသည်။ ထို့အပြင်လမ်းပန်း ဆက်သွယ်ရေးမကောင်း၍ ထွက်ရန်ဈေးကွက် မရှိခြင်း၊ မသိရခြင်းများကလည်း အဟန့်အတားတစ်ခု ဖြစ်နေသည်။

ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စု အရေအတွက်မှာ တစ်ရွာလုံး၏ (၁၆.၃၉)% ဝန်းကျင်သာရှိပြီး မွေးမြူရေးပိုင်း လုပ်ကိုင်မှုအားနည်းနေသေးသည်။ ကြက်မွေးသည့် အိမ်ထောင် စုလည်း တစ်ရွာလုံး၏ (၂၇.၃၂)%ခန့်ရှိပြီး ဈေးကွက်ဝယ်လိုလျှင် အားလည်းရှိပါသည်။ ရာသီအလိုက်ဖြစ်ပွားတက်သော တိရစ္ဆာန်ရောဂါများ၊ ဝက်ဆိုလျှင်အထူးသဖြင့် သွေးလွန်တုပ်ကွေး၊ ခွါနာလျှာနာ၊ ဆီးချုပ်ဝမ်းချုပ် စသောရောဂါများ၊ ကြက်ဆိုလျှင် အထူးသဖြင့် လည်လိမ်ရောဂါ စသောရောဂါများ အဖြစ်များပြီးဆေးဝါးကုသမှု မပေးနိုင်ဘဲ ရောဂါကြောင့် ပျက်စီးဆုံးရှုံး ရသည်များလည်းရှိသည်။ နည်းပညာကို မြို့နယ်တိမွေးကုဦးစီးဌာနများမှ ရရှိနိုင်သော်လည်း

လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ခရီးမိုင်ကွာဝေးလွန်းခြင်း၊ ကျေးရွာလူထု၏ ဌာနဆိုင်ရာ ချိတ်ဆက်မှုဗဟုသုတ အားနည်းခြင်းများကြောင့် လိုအပ်သောဝန်ဆောင်မှုများ လုံးဝမရရှိရ ခြင်းဖြစ်သည်။ ဆင်းရဲသော အိမ်ထောင်စုများကလည်း မွေးမြူရေးလုပ်ငန်း တည်ထောင်၊ တိုးချဲ့ဆောင်ရွက်ရန် ဆန္ဒရှိကြသော်လည်း အကြွေးတင်ရှိမှုများခြင်း၊ အရင်းအနှီးမတက်နိုင်ခြင်း၊ ချေးငွေရရှိနိုင်သော ဘဏ်နှင့် အခြားဝန်ဆောင်မှု အဖွဲ့အစည်းများနှင့် အလှမ်းဝေးနေသေးသော ကြောင့် ဆင်းရဲမှုဒဏ်ကို ယနေ့တိုင်ခံစာနေကြရဆဲ ဖြစ်ပါသည်။ ငါးမွေးမြူရေးလုပ်ငန်းအတွက် ငါးကန်များဖော်ထုတ်ရန်နှင့် ရေဝင်ရေထွက်ကောင်းသော ချောင်းငယ်များ၊ မြေနေရာများ ရှိသော်လည်း အရင်းအနှီး၊ ငါးသားပေါက်၊ နည်းပညာများအားနည်းမှုကြောင့် အဟန့်အတားတစ်ခုအဖြစ် ယနေ့တိုင် မဆောင်ရွက်နိုင်သေးသည်ကို တွေ့ရှိရပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် မြေယာမဲ့ လူတန်းစားအများစုမှာ စျေးဆိုင်၊ ကယ်ရီ၊ ပို့ဆောင်ရေး၊ ဆိုင်ကယ်ဝပ်ရှော့၊ ခေါင်းရွက်ဗျပ်ထိုး၊ ကျပန်းစသော အလုပ်မျိုးစုံကို လုပ်ကိုင်ကြသည်။ စျေးဆိုင်ကြီး (၄/၅)ဆိုင်ခန့်နှင့် သုံးဘီး၊ ထော်လာဂျီ ပို့ဆောင်သူများမှာ အထိုက်အလျောက် အဆင်ပြေကြသော်လည်း ကျန်သောစျေးဆိုင်ငယ် ၊ကယ်ရီ၊ ကျပန်းလုပ်သားများမှာ နေ့စဉ် ဘဝရပ်တည်ရေးကို အကြွေးစနစ်ဖြင့်သာ ဖြေရှင်းနေကြရသည်။ ရွှေလုပ်ငန်းခွင် နေ့စားများမှာ လည်း လုပ်ငန်းရှင်မှ အရှုံးပေါ်နေလျှင် လုပ်ခအတွက်စောင့်ဆိုင်းနေကြရပြီး တခါတရံ ဆုံးရှုံးသွားရ သည်များလည်းရှိသည်။ အိမ်ထောင်ရှိအမျိုးသားများမှာလည်း အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲ မှုများကြောင့် မိသားစုတာဝန်အပြည့်အဝမယူ နိုင်ဘဲအမျိုးသမီးများမှသာ အိမ်ထောင်မှုတာဝန်ကို အဓိကထမ်းဆောင်နေကြရသည်။ မီးသွေးဖုတ်ခြင်း၊ ရွှေလုပ်ငန်း သုံးပစ္စည်းများခုတ်ရောင်းခြင်း၊ သယ်ပို့ခြင်း၊ သီးနှံသားငါးရောင်းချခြင်း၊ ချဲထီရောင်းခြင်း၊ ရွှေဖြူ၊ ရွှေဝါ ရောင်းဝယ်ခြင်း စသည့်တို့ကို အဆင်ပြေသလို လုပ်ကိုင်စားသောက်နေကြရသည်။ အများစုများ အခြေခံပညာရေး စနစ် အားနည်း၍အသက်မွေးမှုပညာများတက်မြောက်ထားခြင်းမရှိသောကြောင့်အန္တရာယ်နှင့် အခက်အခဲ များကြားတွင် ရုန်းကန်လုပ်ရှားနေကြရသည်ကို ဝမ်းနည်းစွာ တွေ့ရှိရပါသည်။ လူငယ်အမျိုးသား၊ အမျိုးသမီးများအတွက် အပ်ချုပ်၊ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မော်တော် ဆိုင်ကယ်ပြင်၊ အီလက်ထရောနစ်ပြုပြင်ရေး၊စက်ယန္တရား ပြုပြင်ရေးစသော အသက်မွေးဝမ်းကျောင်း သင်တန်းများ တက်ရောက်၍ လုပ်ငန်းထူထောင် ပေးနိုင်မည်ဆိုလျှင် ကျေးရွာစီးပွားတိုးတက်ရေးအတွက် ကြီးမား သော မျှော်လင့်ချက်ကြီး တစ်ခုအဖြစ်ပေါ်ပေါက် လာနိုင်ပါလိမ့်မည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာ၏ တောင်ဘက်(၂)မိုင်ခန့် အကွာတွင် လယ်မြေဖော်ထုတ်ရနိုင်သော ဒေသအခေါ်" ပါ ကြီးကွင်း" ဟုခေါ်တွင်သော ကေရာပေါင်းများစွာရှိမြေလွတ်မြေရိုင်း ကွင်းကြီးရှိပါသည်။ အဓိကဖြစ်သော လယ်မြေပိုင်ဆိုင်ခွင် (ပုံစံ-၇)၊ လမ်းပန်းဆက်သွယ်ရေး၊ ငွေကြေးအရင်းအနှီး၊ နည်းပညာအနည်းခက်အခဲများကြောင့်အနည်းငယ်သောလယ်ကေအရေအတွက်သာ ဖော်ထုတ်လုပ်ကိုင်နိုင်သေးသည်။ ယခုလက်ရှိ လုပ်ကိုင်နေသော တောင်သူများမှာ လည်း အိမ်ထောင်စု ၏ အဓိကစီးပွားရေးဟု မှတ်ယူမထားသောကြောင့် စိုက်ပျိုးချိန်၊ ရေသွင်းရေထုတ်ချိန်၊ ရိတ်သိမ်းခြွေလှေ့ချိန် မမှန်ကန်မှု များလည်းတွေ့ရှိရပါသည်။ အဓိကဖြစ်သော လမ်းပန်းဆက်သွယ်ရေးကြောင့်လည်း ထုတ်ကုန်ဈေးကွက် အတွက်အဟန့်အတား ဖြစ်နေသည်။ ယာမြေစိုက်ပျိုးသောတောင်သူများမှာလည်း သစ်တောများဖြုန်းတီး၍ ရာသီဥတုဖောက်ပြန် ခြင်းများကြောင့်ဖြစ်သော မိုးရေချိန် မမျှတမှု၊ အပင်ဖျက်ပိုး၊ ချောင်းရေလျှံခြင်း စသော ပျက်စီးမှု လမ်းကြောင်းများကြောင့် သီးနှံစိုက်ခင်းများကို အဓိကစီးပွားရေးတစ်ခုအဖြစ် မရပ်တည်နိုင်ဘဲ အခြားဝင်ငွေရ လုပ်ငန်းများပါ တွဲဖက်လုပ်ကိုင်နေကြရသည်။ ကျေးရွာ၏ပတ်ဝန်းကျင် (၁)မိုင်ခန့် ပတ်လည်တွင်လည်း ယခင်ခရိုနီကုမ္ပဏီ (၄/၅)ခုခန့်မှ ရွှေတွင်းများ အကြီးအကျယ် လုပ်ကိုင်သွားကြ၍ ကျောက်စရိတ် မြေစာပုံများသာ ကျန်ရှိနေသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်နိုင်ပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်းလက်လှမ်းမှီမှုမရှိပါ။ ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးငွေပမာဏသည် ကျပ်ငါးသောင်းမှ ခြောက်သိန်းထိရှိကြကြောင်း တွေ့ရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်း(ခွဲ)ကို အလျားပေ(၈၀)၊ အနံပေ (၃၀)၊ အမြင့် (၁၅)ပေ အရွယ်ရှိ သွယ်မိုး၊ အုပ်နံရံကာနှင့် အင်္ဂတေအခင်းဖြင့် ကျောင်းဆောင်တစ်ခုသာရှိပါသည်။ လက်ရှိ (KG)တန်းကို ယာယီ သစ်သားဆောင်ဖြင့် သင်ကြားပေးနေပါသည်။ အစိုးရခန့်ဆရာမ (၂)ဦးသာ ရရှိထား၍ ကျောင်းသားအချိုးနှင့် အချိုးမမျှတသောကြောင့် ကျေးရွာခန့်ဆရာမ(၂)ဦးကို ငှားရမ်းခန့်ထားနေရသည်။ ရေရှည်အတွက် အဆင်ပြေရန်တော့ ခဲယဉ်းလှပါသည်။ လက်ရှိ တွင်မိဘဆရာအသင်းဖွဲ့တွင်အခက်အခဲများစွာရှိနေသည်။ ငှားရမ်းဆရာမများ၏ လစာနှင့် စားစရိတ်အတွက် ဒေသ ရွှေတွင်းလုပ်ငန်းပိုင်ရှင်များမှ လှူဒါန်းထောက်ပံ့ပေးနေရပါသည်။ သို့သော် အဆင်မပြေမှုများ

စွာဖြင့် ရေရှည်ရပ်တည်ရန်မလွယ်ကူလှပါ။

ယခင်ကိုယ်အားကိုယ်ကိုးကျောင်းဖြစ်၍ စတုတ္ထတန်းစာမေးပွဲကို (၃၅)မိုင်ခန့်ဝေးသော လုံးတုံ စာစစ်ဌာနသို့ အခက်အခဲများစွာဖြင့် သွားရောက်ဖြေဆိုရ၍ မိဘများမှာ အခြားကျောင်းများတွင် သွားရောက်အပ်နှံသူများစွာရှိခဲ့ရပါသည်။ မူလတန်းကျောင်းသာရှိ၍ အလယ်တန်း၊ အထက်တန်းကို (၂.၅)မိုင်ခန့်ရှိသော ဆယ်ဇင်းရွာသို့ တက်ရောက်ကြရပါသည်။ သို့သော် မိုးတွင်းကာလ ရေကြီးမှုကြောင့် သွားလမ်းခက်ခဲ၍ ကျောင်းပျက်ရက်များခဲ့ရပါသည်။ ကျောင်းတွင် အာကစား ပစ္စည်း၊ ပရိဘောဂပစ္စည်း၊ သင်ထောက်ကူပစ္စည်း၊ ကျောင်းစာကြည့်တိုက်များ မရှိသေးပါ။ ခြံစည်းရိုးများလဲ မလုံသေးပါ၊ ကျောင်း ဆရာ/မ အင်အားလုံလောက်မှု မရှိပါ။ ယခင်က ကျေးရွာခန့် ဆရာမများသာ သင်ကြားပေးခဲ့ပြီး ယခု ၂၀၁၆ခုနှစ်တွင် အစိုးရခန့် ဆရာမ(၂)ယောက်၊ ကျေးရွာခန့် ဆရာမ(၂)ယောက် သင်ကြားပေးနေပါသည်။ လက်ရှိအစိုးရခန့် ဆရာမများသည် သင်ကြားမှု အတွေ့အကြုံ နည်းပါးနေသေး၍ လစဉ်ကျောင်းသား/သူ ပညာရေးတိုးတက်မှုမှာ လွန်စွာ အားနည်းနေပါသည်။ ပညာရေးဌာနနှင့် ချိတ်ဆက်မှုမှာ လွန်စွာအားနည်းနေပါသည်။ ပညာရေးဌာနှင့် ချိတ်ဆက်ပြီး သင်ကြားမှုကျွမ်းကျင်သော ဆရာ/မများနှင့် သင်ကြားလိုပါသည်။ ကျောင်းဖွင့်စဉ်ကာလတွင် ကျောင်းသား/သူများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်း စာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့သည်။ ရွာသားများ၏ ပညာရေးအဆင့်အတန်းမှာ (အနိမ့်)အဆင့်သာ ရှိကြောင်းသိရပါသည်။ ရွဦီသားအများစုသည် အခြေခံအရေး၊ အဖတ်သာ တက်မြောက်ကြ၍ ဘွဲ့ရပညာတက်မှာ (၁)%သာရှိပြီး၊ စာမဖတ်သူများလည်းရှိသည်။ ကျေးရွာတွင်စာကြည့်တိုက်မရှိ။ ကျေးရွာသားများသည် ပညာရေးနှင့်ပတ်သက်သော အသိပညာများသိရှိမှုမှာ လွန်စွာအားနည်း ကြောင်း တွေ့ရပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိ၊ ဆမလက်မှတ်ရ ဆရာဝန်တစ်ဦး မရှိပါ။ (Nurse Aid) ဆေးဝါးကျွမ်းကျင်နှင့် အကူသူနာပြုအဆင့်မျှသာ ရှိသော ဆေးခန်း(၃)ခန်းသာရှိပါသည်။ ဆယ်စုနှစ်ကာလပတ်လုံး ထိုဆေးခန်း၊ ဆေးရောင်း၊ ဝယ်သူများကပင် ရွာသားများ၏ အသက်ကယ်တင်ရှင်သူကြီးများအဖြစ် အစဉ်အဆက် အားကိုးအားထားပြုကာ ကုသခဲ့ကြရပါသည်။ အရေးကြီးလူနာများကို နီးစပ်ရာ ဆယ်ဇင်း ကျန်းမာရေး ဆေးခန်းနှင့် ချိတ်ဆက်ကာ လိုအပ်လျှင်လိုအပ်သလို တာမခံ၊ မိုးညှင်းဆေးရုံသို့ လွှဲပြောင်းကာ ကုသမှုခံယူကြရပါသည်။ ထိုထဲကပင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသူများစွာ ရှိခဲ့ပါသည်။ မှော်ဒေသ ဖြစ်သည့်အလျောက် မူးယစ်ဆေးဝါးလွန်စွာပေါများပြီး သုံးစွဲမှု အဆမတန်ဖြစ်နေပါသည်။ ထိုအချက်သည် ကျေးရွာသားများ၏ ကျန်းမာရေးကို ထိခိုက်ဆိုးရွားစေသော အဓိကအချက်ကြီး ဖြစ်နေပါသည်။

ကျေးရွာသားများသည် ကျန်းမာရေးအသိပညာဗဟုသုတလွန်စွာ နည်းပါးကြောင်းတွေ့ရှိရပါသည်။ အနီးနားပတ်ဝန်းကျင်ရှိကျေးရွာ/ မော်ဒေသများသို့ ကျန်းမာရေးမှုအပါအဝင် သားဖွားမီးယပ်နှင့် သူနာပြုများလုံလောက်စွာမရှိ။ ကျန်းမာရေးအသိများ ထဲထဲဝင်ဝင် ဟောပြောပေးမှု နည်းလမ်းကောင်းများ ညွှန်ပြပေးမှု၊ Councelling ခေါ် မူးယစ်ဆေးဝါး နှစ်သိမ့်ဆွေးနွေးမှု စသည့် ကျန်းမာရေးအသိပညာပေးမှု အဖွဲ့အစည်းများ လုံးဝမရှိပါ။ ထို့ကြောင့် ကျေးရွာသားများသည် ကျန်းမာရေး ဝန်ဆောင်မှုများလက်လမ်းမမှီနိုင်ပါ။

ကျေးရွာသားများသည် သောက်သုံးရေအတွက် လက်ဖြင့်တူးထားသော ရေတွင်းမှ ရေကိုသာ အသုံးပြုနေသည်ကို တွေ့ရှိသည်။ အိမ်ထောင်စုအများစုသည် ကျင်းတက်အိမ်သာနှင့် မြေပေါ်အိမ်သာများသာ အသုံးပြုကြပြီး တစ်ချို့အိမ်ထောင်စုများမှာ တောထိုင်သည့် ဓလေ့ပင် ပျောက်ပျက်သေးပါ။ ရေမသန့်စင်မှုနှင့် ယင်လုံအိမ်သာ သုံးစွဲမှုမရှိသဖြင့် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိပါ။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာတွင် လူငယ်အဖွဲ့(၁)ဖွဲ့ရှိသည်။ ယခင်က လူငယ်များသည် ဘာသာရေး၊ သာသနာရေးအစရှိသော ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင်တက်ကြွစွာပါဝင် ဆောင်ရွက်ခဲ့ကြသည်။သော်လည်း ပန်းဖြေအနားယူနိုင်ရန် အလူငယ်များအတွက် သီးသန့်အပန်းဖြေအနားယူနိုင်ရန် အနေအထားမရှိပါ။ ယခုတက်ကြွစွာပါဝင်ဆောင်ရွက်မှုမှာ လွန်စွာအားနည်းနေပါသည်။ အဘယ်ကြောင့်ဆိုသော် ကျေးရွာလူငယ်များတက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သော်လည်း လူကြီးများ ပါဝင်ဆောင်ရွက်မှုမှာ လွန်စွာအားနည်းနေပါသည်။ လူငယ်အများစုသည် အတန်းပညာတက် မြောက်ခြင်းမရှိဘဲ ပညာတစ်ပိုင်းတစ်စဖြင့် ရရာအလုပ်ကိုသာ လုပ်ကိုင်ကြရပြီး အသက်မွေးတမ်းကြောင်း ပညာမှာလည်း တက်မြောက်မှု(အနိမ့်)အဆင့် သာရှိပါသည်။ ပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးများ၊ လောင်းကစားများ ပေါများပြီး အလုပ်အကိုင်အတည်တကျ မရှိခြင်းကြောင့် လူငယ်များသည် စိတ်လေပြီး ပျက်စီးနေသည့်အနေအထားဖြစ်နေပါသည်။

## (ဇ) အခြေခံ အဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာလမ်းကို ယခင်ကရွှံ့ဗွက်များတွင် ရုန်းကန်သွားလာကြရင်းမှ ၂၀၁၂-၂၀၁၃ ခုနှစ်များတွင် ရွှေတွင်းလုပ်ငန်းရှင်များ၏ ကူညီမှုဖြင့် ကျောက်ကြမ်လမ်းအဆင့်သို့ တိုးမြင့်သွားလာနိုင်ခဲ့သည်။ လမ်းမနှင့် လမ်းသွယ်စုစုပေါင်း အရှည် ၂၀၀၀၀ပေရှိသည်။ လမ်းပန်းဆက်သွယ်ရေးနှင့် ပို့ဆောင်ရေးအတွက် မော်တော်ဆိုင်ကယ် (၁၃၄)စီး၊ သုံးဘီး (၁၅)စီး၊ ထော်လာဂျီ (၄)စီး၊ စက်ဘီး(၇)စီး၊ ကား (၆)စီးနှင့် နွားလှည်း(၉)စီးတို့ကို အသုံးပြုသွားလာ နေကြရသည်။

ပတ်ဝန်းကျင်ဒေသများနှင့်ဆက်သွယ်ထားသော လမ်း၊ တံတားများ မကောင်း၍ ပစ္စည်းပျက်စီးမှုနှင့် အချိန်ကုန်နိုင်မှုများပြားလှပါသည်။ ပြုပြင်ကုန်ကျစရိတ်မှာလည်း များပြားနေသည်။

ကျေးရွာတွင် လျှပ်စစ်မီးအတွက် ဒီဇယ်အင်ဂျင်နှင့် ဆိုလာကိုသာအဓိက ထားသုံးစွဲနေကြရပြီး မိမိကိုယ်တိုင် အင်ဂျင်မောင်းနှင်းသော အိမ်ထောင်စုအရေအတွက်မှာ (၂၆.၇၈)%ရှိပြီး၊ ၎င်းလျှပ်စစ်ကို မီးထင်းသုံးစွဲနေသော အိမ်ထောင်စုမှာ  အိမ်ထောင်စုအားလုံး၏ (၄၀)%ရှိသည်။ ဆိုလာဖြင့် အသုံးပြုသော အိမ်ထောင်စုပေါင်း(၃၉)%၊ ဘတ္တရီနှင့် ခါတ်ခဲ၊ ဖယောင်တိုင်သုံးစွဲသူ အိမ်ထောင်စုပေါင်း (၁၁)%ခန့်ရှိသည်။ ကျေးရွာတွင် ဆက်သွယ်ရေးဖုန်း အသုံးပြုမှုအတွက် CDMA 450 MHzကို သာ အသုံးပြု၍ရပီး ပေ(၁၀၀)အမြင့်ရှိသော ဘားတိုင်တပ်ကာ လိုင်းမိနိုင်ဖို့ ကြိုးပမ်းရသည်။ သိပ်တော့အဆင်ပြေလှသည်မဟုတ်ပါ။ ဖုန်းတစ်လုံးထောင်လျှင် ကျပ်ငါးသိန်းခန့်ကုန်ကျ၍ (၁၅)%ခန့်သာ အသုံးပြုနိုင်ကြသေးသည်။ အင်တာနက် လူမှုကွန်ရက် ခေတ်တွင် မိုဘိုင်းဖုန်းများတွင် ကျယ်ပြန့်စွာအသုံးပြုနိုင်ခြင်းမရှိသည်မှာ ဝမ်းနည်းဖွယ်ရာပင် ကျေးရွာ၏ ဖွံ့ဖြိုးမှု နောက်ကျရခြင်း၏ အချက်များထဲမှ အရေးကြီးသော တစ်ခုပင်၊ G.S.Mဖုန်းလိုင်းနှင့် အင်တာနက်အစရှိသော လူမှုကွန်ရက်များချိတ်ဆက် အသုံးပြုနိုင်ရန် အချိန်တန်ပြီဟု သုံးသပ်မိပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝင်မှုခင်းဖြစ်ပွားမှု နည်းပါးပြီးအထိုက်အလျောက် တည်ငြိမ်အေးချမ်းမှုရှိပါသည်။ မော်ဒေသဖြစ်သောကြောင့် အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲသူ ဦးရေများသည်ဟုဆိုရမည်။ လူဦးရေဝင်ထွက်ပြောင်းလဲမှု များပြားသောကြောင့် ရာဇဝတ်မှုခင်းများဖြစ်နိုင်မှု အခြေအနေများရှိလာနိုင်သည်။ အုပ်ချုပ်ရေး ရဲစခန်းနှင့်လည်း အလှမ်းဝေးသောကြောင့် နီးရာခေးကို ကြောက်ရမလိုဖြစ်နေသည်။ အုပ်ချုပ်ရေးနှင့် မီးသတ်အဖွဲ့များပူးပေါင်း၍ လိုအပ်လျှင် ဒေသကာကွယ်ရေး ရဲ/တပ် စခန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရသည်များလည်းရှိပါသည်။ တရားဥပဒေစိုးမိုးမှု အားနည်းသည်ကတော့ အမှန်ပင်။ ရွှေလုပ်ငန်းနှင့် သစ်စက်လုပ်ငန်းများမှလည်း ရာဇဝတ်သားများ လွတ်မြောက်မှုအတွက် အထောက်အပံ့တစ်ခုလို ဖြစ်နေသည်။ ကျေးရွာလုံခြုံရေးအတွက် ခြံစည်းရိုးခတ်ထားနိုင်ခြင်း မရှိသေးပါ။ ဖုန်းလိုင်းတွင်ကျယ်ပြန့်စွာအသုံးပြု၍ ဆက်သွယ်အကြောင်းကြားနိုင်ခြင်းမရှိခြင်းကလည်း ရာဇဝတ်မှုခင်း ဖြစ်ပွားရခြင်း၏ အချက်တစ်ခုဖြစ်သည်။ မှုခင်းပညာပေးအစီအစဉ်များ ဟောပြောစီစဉ်နိုင်ပါက အထောက်အပံ့ခုဖြစ်လာနိုင်သည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာလျှပ်စစ်မီးအတွက် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရန် အမြဲတမ်းစီးဆင်းနေသော ချောင်း(၂)စင်း ရွာအနီးတွင် စီးဆင်းနေပါသည်။ လူငယ်ပညာတက်အသင့်အတင့်ရှိပြီး ထက်မြက်သော အရည်အချင်းပိုင်ဆိုင်မှုရှိသူ များပြားစွာရှိသည်။ လူဦးရေအာလုံး၏ (၆၂.၇)%မှာ အလုပ်လုပ်နိုင်သော အရွယ်ဖြစ်ကြပြီး လူသားအရင်းအမြစ်ကောင်းများရှိသည်။ ကျေးရွာ သားများ၏ ကျန်းမာရေးအတွက် ကျန်းမာရေးဌာနမှ ဆေးခန့်ဖွင့်လှစ် မပေးနိုင်သော်လည်း ပြင်ပဆေးခန်းမှ (Nurse Aidj) (၂)ဦးမှာ ကျေးရွာသားများနှင့် ရွှေတွင်းလုပ်သား၊ သစ်စက်လုပ်သားအားလုံး၏ ကျန်းမာရေးကို စောင့်ရှောက်ပေးနေမှုမှာ ဆယ်စုနှစ် တစ်ခုခန့်တိုင်ရှိခဲ့ပါသည်။ လိုအပ်လျှင် ၄င်းဆရာ (၂)ဦးမှ ကျန်းမာရေးဌာနများနှင့် ချိတ်ဆက်၍ လိုအပ်သော ဆေးဝါးနှင့် အကူအညီများရယူကာ အားတက်သရော ပါဝင်ဖြေရှင်းပေးနိုင်ခဲ့သည်။ ကျေးရွာ မူလတန်းကျောင်းဆောင်နှင့် ကျောင်းသားအင်အားမှာ အဆင်ပြေသည်ဟုဆိုရမည်။ ဌာနဆိုင်ရာများသာ ပံ့ပိုးကူညီပါက လျှာဒါန်းပေးနိုင်သည့် လုပ်ငန်းရှင်အပြား ရှိပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေဖော်ထုတ်ရန် မြေလွတ်မြေရိုင်း ဧကများစွာရှိပြီး လွန်ခဲ့သော (၃)နှစ်ခန့်မှစတင်လုပ်ကိုင်နေကြပြီးဖြစ်သည်။ လယ်ယာမြေ လုပ်ကိုင်လိုသော အိမ်ထောင်စုများစွာလည်းရှိပါသည်။ စပါးနှင့် ဟင်းရွက်သီးနှံများ ရောင်းလိုအားဈေးကွက်၊ ဝယ်လိုအားဈေးကွက်လည်း အနီးအနားတွင် လက်လှမ်းမီစွာရှိသည်။ မွေးမြူရေးပတ်သက်၍ တနိုင်တပိုင်နှင့် စီးပွားဖြစ်မွေးမြူနိုင်ပါက ရောင်းချနိုင်ရန် ဈေးကွက်ကျယ်ပြန့်သည်။ အထူးသဖြင့် ဝက်နှင့် ကြက်ဈေးကွက် ပိုကောင်းသည်။ သို့သော်ကျေးလက်ဖွံ့ဖြိုးရေးနှင့် မွေးကုစွာရှိသည်။ မွေးမြူရေးပတ်သက်၍ တနိုင်တပိုင်နှင့် စီးပွားဖြစ်မွေးမြူနိုင်ပါက ရောင်းချနိုင်ရန် ဈေးကွက်ကျယ်ပြန့်သည်။ အထူးသဖြင့် ဝက်နှင့် ကြက်ဈေးကွက် ပိုကောင်းသည်။ သို့သော်ကျေးလက်ဖွံ့ဖြိုးရေးနှင့် မွေး/ကုဦးစီးမှ အရင်းအနှီးနှင့်ဆေးဝါး အထောက်အပံ့ များလိုအပ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် မီးသတ်အဖွဲ့ များပူးပေါင်း၍ ဒေသလုံခြုံရေးနှင့် အေးချမ်းရေး တပ်ဖွဲ့နှင့် ပူးပေါင်းကာ မှုခင်းကိစ္စများကို အထိုက်လျောက် ဖြေ

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် မီးသတ်အဖွဲ့ များပူးပေါင်း၍ ဒေသလုံခြုံရေးနှင့် အေးချမ်းရေး တပ်ဖွဲ့နှင့် ပူးပေါင်းကာ မှုခင်းကိစ္စများကို အထိုက်လျောက် ဖြေရှင်းနိုင်သည်။ ခရိုင်/မြို့နယ်/နယ်မြေရွှေ့ပြောင်း ရဲခင်းများရောက်အောင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လျှင် မှုခင်းဖြစ်ပွားမှုများ ကျဆင်းသွားနိုင်သည် ဆက်သွယ်ရေးစနစ် အထူးသဖြင့် အင်တာနက် လူမှုကွန်ရက်များ အသုံးပြုခွင့်မရခြင်းကလည်း ပြစ်မှုကျူးလွန်နိုင်သူများအတွက် အခွင့်အလမ်းတစ်ခုဖြစ်နေသည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာတွင်မြေလွတ်မြေရိုင်း ဧကများစွာရှိသော်လည်း လယ်၊ ယာမြေဖော်ထုတ်ရန် နည်းပညာ၊ လယ်ယာသုံးပစ္စည်း၊ ငွေအရင်းအနှီးလုံလောက်စွာမရှိပါ။ ထွက်ကုန်သီးနှံများဈေးကွက် အရောက်တင်ပို့ရန် ကောင်းမွန်သော လမ်း၊ တံတားများမရှိသေးပါ။ အထွက်နှုန်းတိုးစေရန် မျိုးကောင်းမျိုးသန့်နှင့် ဓာတ်မြေသြဇာ အသုံးပြုနိုင်မှု အားနည်းနေသေးသည်။ ပိုးသတ်ဆေး အသုံးပြုမှုလည်း မရှိပါ။ လိုအပ်သော ချေးငွေနှင့် ဘဏ်များ၏ ဝန်ဆောင်မှု မရရှိခြင်းကလည်း အဟန့်အတားတစ်ခု ဖြစ်နေသည်။

အလုပ်လုပ်နိုင်သော ဦးရေမှာ အသက်မွေးဝမ်းကျောင်းပညာများ တက်ရောက်ထားခြင်း မရှိသောကြောင့် မရှိသောကြောင့် မီးသွေးဖုတ်လုပ်ငန်းနှင့် တခြားကျပန်း အလုပ်များကို သာဝင်ရောက် လုပ်ကိုင်နေရသောကြောင့် ဝင်ငွေနှင့် မိသားစု စရိတ်မျှတမှုမရှိပါ။ ပတ်ဝန်းကျင် ဒေသများနှင့် ဆက်သွယ်၊ ဆက်စပ်မှု အားနည်းခြင်းများကလည်း ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် အဟန့်အတားတစ်ခု ဖြစ်နေသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

## (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည် (၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် လယ်ယာမြေဖော်ထုတ်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှ တဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် အတူလူနေမှုနှင့် စီးပွားရေးတိုးတက်မှုရရှိစေမည်။

(က.၂) ကျွန်ုပ်တို့လူထုသည် အနာဂတ်စွမ်းဆောင်ရည်များ မြင့်မားလာစေရန် တက်ကြွမှု မြင့်မားလာစေရန် ပညာရေးမှတဆင့် ကလေးငယ်များ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် အခြားစီးပွားရေးအုပ်စုများ စနစ်တကျဖွဲ့စည်းပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာ၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးလင်းရေး၊ ဖုန်းနှင့် အင်တာနက် စသည့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ ငွေကြေးဝန်ဆောင်မှုများ ချိတ်ဆက်၍ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေးနှင့် တပိုင်တနိုင် လုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကားနှင့် မော်တော်ဆိုင်ကယ်ပြုပြင်ရေး၊ ဆောက်လုပ်ရေး၊ အီလက်ထရောနစ်ပစ္စည်းများပြုပြင်ရေး နည်းပညာများထွန်းကားလာရေးအတွက် ပညာရပ်အသီးသီးနှင့် ပတ်သက်သော သင်တန်းများတက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာနှင့် သင်တန်းဌာနများနှင့်ပါ ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ရောက်ထားသူများက တဖန် ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ဖွံ့ဖြိုးရေးနှင့် ထုတ်လုပ်မှုကို တိုးတက်စေမည်။

(ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ မိတ်ကပ်အလှပြင်၊ စက်ပြင်၊ ယန္တရားမောင်း/ပြင်၊ လက်မှုပညာ၊ ကားနှင့် မိုဘိုင်ဖုန်းပြင်စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက်ကျွမ်းကျင်မှုအပြင်၊ မူးယစ်ဆေးဝါးများနှင့် ကင်းလွတ်ရာ၊ ပြင်ပဆက်ဆံရေး ဗဟုသုတရရှိရေးနှင့် ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(ခ.၃) ကျေးရွာတွင် ကျောင်းဝင်းချိုင့်ခွက်များ ဖို့ခြင်း၊ ညှိခြင်း၊ ကျောင်းစည်းရိုးကာရံခြင်း၊ အရိပ်ရပင်များစိုက်ပျိုးခြင်း၊ လျှော့စင်၊ ဒန်းစီးစင်၊ (KG)သီးသန့်ကျောင်းဆောင်၊ မူကြိုဆောင်၊ ဝန်ထမ်းဆောင်၊ ကျောင်းပညာရေးနှင့် ပတ်သက်သော ဆောင်ပုဒ်ဆိုင်းဘုတ်များစသည့် ကျောင်းအရည်အသွေးနှင့် ကလေးငယ်များ၏ အရည်အချင်းတိုးမြှင့်လာရေးအတွက် ဆောင်ရွက်မည်။ ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး (KG)နှင့် မူလတန်းကျောင်းတစ်ကျောင်းလုံးတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်မှု ပြည့်ဝသော ဆရာ/မခန့်ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။ စာကြွင်း ယခုလက်ရှိအစိုးရဝန်ထမ်း (၂)ဦးတို့သည် သင်ကြားရေးအတွေ့ကြုံ

နည်းပါး၍ လစဉ်ပညာရေးတိုးတက်မှုနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးအားနည်းသည်ကို တွေ့ရှိရသည်။

(ခ.၄) ကျေးရွာတွင် မြို့ပြနှင့်ဆက်သွယ်သောလမ်း (၃၁)မိုင်၊ ကျေးရွာလမ်း၊ ကျေးရွာချင်းဆက်လမ်းနှင့် ကျေးရွာဈေးဆောက်လုပ်ကာ ကျေးရွာ၏ ဆ.မ လက်မှတ်ရ ဆရာ/ဆရာမများ ဦးစီးဖွင့်လှစ်သော ကျေးလက်ဆေးပေး၊ ဆေးကုခန်းများ တည်ဆောက်နိုင်ရန်လည်း ကြိုးစားသွားမည်။ တစ်ချိန်တည်တွင် ရေရှည်ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်ကာ ဘဏ်စုံတိုးတက်ရေးကို အထူးအလေးထား ဆောင်ရွက်သွားမည်။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အင်အားများပြားစွာ ပါဝင်ဆောင်ရွက်လာစေရန်နှင့် ခေါင်းဆောင်မှုအရည်အသွေးများ တိုးတက်လာစေရန် တိုက်သွန်းဆောင်ရွက်သွားမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြားအစီအစဉ် ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ တာဝန်ရှိသူများကိုယ်တိုင် ကွင်းဆင်းလေ့လာ၍ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းကိုရှာဖွေဖော်ထုတ်ပေးနိုင်ကြသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား ငွေအရင်းအနှီးနှင့် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့တိုးတက် တိုးတက်ကောင်းမွန်မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများ (အထူးသဖြင့် ပညာတက်တာဝန်သိလူငယ်များ) အားထုတ်လုပ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စီစစ်သွားနိုင်ပါသည်။ အရေးကြီးသည့်အချက်မှာ ကျေးရွာတာဝန်ရှိပုဂ္ဂိုလ်များ၏ သဘောပေါက်နားလည်မှု၊ ဦးစားပေး စီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန် ဖြစ်ပါသည်။

## (ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး

ဤကဏ္ဍသည် ကျွန်တော်တို့ကျေးရွာအတွက်များစွာ အရေးပါ၍များစွာ အန္တရယ်ရှိနေသောကိစ္စဖြစ်သည်။ အချို့သော အိမ်ထောင်စုများသည် လယ်မြေဖော်ထုတ်ရန် အကြောင်းပြချက်ဖြင့် ရွှေတွင်းလုပ်ငန်းရှင်များ၏ ဈေးကြီးပေးဝယ်မှုများကို ရောင်းချရန် ကြိုတင်မှတ်သားထားခြင်းများ ပြုလုပ်လာကြသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ ဖော်ထုတ်ရရှိပြီး လယ်ယာမြေများအား လယ်ယာမြေပိုင်ဆိုင်ခွင့် စာရွက်(ပုံစံ-၇)စသည့်တို့ကို အလျင်အမြန်တိုင်ထွာပေးပြီး သွင်းကုန်၊ ထုတ်ကုန် သယ်ယူပို့ဆောင်ရေး လမ်းကြောင်းနှင့် ဈေးကွက် ပံ့ပိုးမှုအထောက်အပံ့များနှင့်အတူ လယ်သမားများ၏ ဘဝအဆင့်အတန်းကိုမြင့်တင်ပေးနိုင်ပါမှ စိုက်ပျိုးရေးရည်မှန်းချက်များ အောင်မြင်မှုရှိနိုင်မည်ဖြစ်သည်။

## (ခ) စံချိန်မီစာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း

ကျေးရွာစာသင်ကျောင်းဆောင်များမှာအနည်းငယ်ဟောင်းနွမ်းနေပြီး၊ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ခဲ့သဖြင့် အရည်အသွေးပိုင်းတွင် အားနည်းမှုရှိသောကြောင့် စံချိန်မီသောစာသင်ကျောင်း ဆောင်တစ်ဆောင်နှင့် အားကစားပစ္စည်းအချို့အား သက်ဆိုင်ရာအစိုးရဌာနများ ဖြစ်သော ပညာရေးဝန်ကြီးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနတို့ မှ တာဝန်ယူ ဆောင်ရွက်ပေးသင့်သည်။

## (ဂ) ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း

ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းမှာအနည်းငယ်ကောင်းမွန်မှုမရှိဘဲ၊ မြေသားလမ်းသာဖြစ်နေပါသည်။ ကျေးရွာတွင်လည်း ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးရရှိ အောင်ဆောင်ရွက် ထားကြသဖြင့် လမ်းအဆင့်မြှင့် ပြုပြင်ရန် ငွေကြေးထည့်ဝင်ရန် အခက်အခဲရှိနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးမှုများနှင့်အတူ ကျေးလက်ဦးစီးဌာနမှ ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများအား အဆင့်မြှင့် ပြုပြင်ပေးသင့်ပါသည်။ ကျေးရွာချင်းဆက်လမ်း ပိုမိုကောင်းမွန်လာခြင်းဖြင့်လည်း တစ်ရွာနှင့် တစ်ရွာကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုမြန်ဆန်လာနိုင်ပြီး၊ စီးပွားရေးဖွံ့ဖြိုးမှုအား လွန်စွာအထောက် အကူပြုနိုင်ပေမည်။

## (ဃ) စိုက်ပျိုးရေးလယ်ယာသုံးကိရိယာများစနစ်တကျငှားရမ်းအသုံးပြုနိုင်ရေး

နန့်ပုတ်ကျေးရွာသည် လယ်ယာမြေတိုးချဲ့ဖော်ထုတ်၍ လယ်ယာမြေပိုင်ဆိုင်မှု(ပုံစံ-၇) ရရှိပြီးအချိန်မှီ ထွန်ယက်စိုက်ပျိုးနိုင်ရေးနှင့် ရိတ်သိမ်းနိုင်ရန် လယ်ယာလုပ်သားရှားပါး လာမှုနှင့်အတူ၊ ရာသီဥတု ဖောက်ပြန်လာမှုတို့ကြောင့် လယ်ယာလုပ်ငန်း အချိန်မှီပြီးစီးရန် အနည်းငယ်အခက်အခဲ ကြုံတွေ့ရတတ်ပေသည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ

သက်ဆိုင်ရာဌာနများဖြစ်ကြသော စက်မှုလယ်ယာဦးစီးဌာနနှင့် ကျေးလက်ဦးစီးဌာနများမှ ပြင်ပလယ်ယာသုံး ပစ္စည်းကိရိယာ ရောင်းချသော ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးသင့်ပါသည်။ ထို့အပြင် အရစ်ကျစနစ်ဖြင့် ရောင်းချမှုများ၊ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းသုံးစွဲနိုင် ရေးများ ကိုလည်း ဆောင်ရွက်ပေးသင့် ပါသည်။

## (င) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး

နန့်ပုတ်ကျေးရွာတွင် ပညာမတတ်သော လူငယ်အချို့မှာမိမိဘ၀ တိုးတက်ရာအာမခံချက် ပေးနိုင်သော လုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး၊ ဂိမ်းကစားခြင်း၊ လက်ဖက်ရည်ဆိုင် ထိုင်ခြင်းများဖြင့် အချိန်ကုန်ဆုံးနေတတ်ပါသည်။ ထိုနည်းတူစွာပင်၊ လက်လုပ်လက်စားကျပန်း များမှာလည်း လုပ်ငန်းအတည်တကျမရှိဘဲ၊ ရာသီပေါ်သီးနှံများပေါ်တွင်သာ ကျပမ်းအဖြစ် လုပ်ကိုင်စား သောက်နေကြရသည်။ ထိုသူများအတွက် သင့်တော်သောအသက်မွေးဝမ်းကြောင်း ဆိုင်ရာ အတတ်ပညာများ ရရှိအောင် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာပြင်ပအဖွဲ့များနှင့် ချိတ်ဆက်ပြီး ကူညီဆောင်ရွက်သင့် ပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည် ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည် ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင် များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည် ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချ ခဲ့သောစီမံကိန်း များသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များ တွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည်သဘာဝ ဘေးအန္တရာယ်ဆိုး ဆိုးဝါးဝါးမ ကျပါကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေး စီမံကိန်းလုပ်ငန်းအချို့ ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအား ဖြင့်အစဉ်သဖြင့်ငါးနှစ်တာ စီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာအရ ခွဲခြားခြင်း (Functional classification )နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)*- ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***ကျေးရွာအဆောက်အအုံ*** | | | | | |
| | ၁။ လမ်းပန်းဆက်သွယ်သွယ် ရေးတိုးတက်ကောင်းမွန် အောင် ဆောင်ရွက်ရန် | ၁၀၀ | ၁ | – ရွာတွင်းလမ်းကွန်ကရစ်ကာတုံးသဲကျောက်ခင်းရန်<br>- ကျေးရွာချင်းဆက်လမ်း<br>- တံတားဆောက်လုပ်ခြင်း | ကျေးလက် ဦးစီး |
| ***ပညာရေး*** | | | | | |
| စာသင်ကျောင်း | ၂။ ပညာရေးမြှင့်တင်ရန် | ၉၄ | ၂ | – ကျောင်းအဆောက်အဦးမလုံလောက်၊<br>– ပညာရေးဝန်ထမ်းလိုအပ်ချက်တောင်းခံခြင်း၊ | |
| ***လျှပ်စစ်မီး*** | | | | | |
| | ၃။ လျှပ်စစ်မီးရရှိရန် | ၇၉ | ၇ | – ရေအားလျှပ်စစ်စက်ရုံတောင်းခံခြင်း၊ | – |
| **အခြေခံအဆောက်အဦ** | | | | | |
| သောက်သုံးရေ | ၄။ သောက်သုံးရေ လုံလောက်ရန် | ၇၈ | ၈ | – သောက်သုံးရေလုံလောက်စွာရရှိရန်၊ | |

| | | | | |
|---|---|---|---|---|
| *ကျန်းမာရေး* | | | | |
| | ၅။ ကျန်းမာရေးမြှင့်တင်ရန် | ၈၀ | ၆ | – ဆေးပေးခန်း၊<br>– ကျန်းမာရေးဝန်ထမ်းလိုအပ်ချက်တောင်းခံခြင်း<br>– ကျန်းမာရေးပညာပေးနှင့် သင်တန်းများဖွင့်ပေးခြင်း |
| **ဆက်သွယ်ရေး** | | | | – |
| | ၆။ ဆက်သွယ်ရေးကောင်းမွန်ရန် | ၈၇ | ၃ | - ဆက်သွယ်ရေးကောင်းမွန်ရန် |
| *စိုက်ပျိုးရေး* | | | | |
| | ၇။ လယ်ယာမြေဖော်ထုတ်ရန် | ၇၅ | ၉ | – လယ်ယာမြေဖော်ရန်နှင့် ပုံစံ–၇ အမြန်ရရှိရန် |
| *လူငယ်နှင့်အားကစား* | | | | |
| | ၈။ မူးယစ်ဆေးဝါးပပျောက်ရန် | ၈၁ | ၅ | – မူးယစ်ဆေးဝါးပပျောက်ရန် |
| *လုံခြုံရေး* | | | | |
| | ၉။ လုံခြုံရေးနှင့် တည်ငြိမ်အေး ချမ်းရန် | ၈၃ | ၄ | – နယ်မြေငြိမ်းချမ်းရေးရရှိရန် |

| | | | | |
|---|---|---|---|---|
| ***အခြေခံအဆောက်အဦ*** | | | | |
| | ၁၀။ အညစ်အကြေး | ၇၄ | ၁၁ | - အိမ်ယာ၊ အိမ်သာလုံလောက်ရန် |
| ***လူငယ်နှင့်အားကစား*** | | | | |
| | ၁၁။ လူငယ်အခွင့်အလမ်း | ၇၂ | ၁၂ | – အလုပ်အကိုင်ခွင့်လမ်းတိုးတက်စေရန် |
| ***ဘဏ်ချေးငွေ*** | | | | |
| | ၁၂။ ရပ်ရွာအခြေပြု | ၇၄ | ၁၀ | – မြစိမ်းရောင် |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလများကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | လမ်း၊ တံတားများအမြန်ဖော်လုပ်ရန် | ၁ | Â | Â | | | |
| ၂ | ပညာရေးကဏ္ဍမြှင့်တင်ပေးရန် | ၂ | Â | Â | Â | Â | Â |
| ၃ | ဆက်သွယ်ရေးကောင်းမွန်ရန် | ၃ | Â | | | | |
| ၄ | နယ်မြေငြိမ်းချမ်းရေးရရှိရန် | ၄ | Â | Â | Â | | |
| ၅ | မူးယစ်ဆေးဝါး ပပျောက်ရန် | ၅ | Â | Â | Â | | |
| ၆ | ကျန်းမာရေးကဏ္ဍ မြှင့်တင်ပေးရန် | ၆ | Â | Â | Â | Â | Â |
| ၇ | ရေအားလျှပ်စစ်မီး ထုတ်လုပ်ရန် | ၇ | Â | Â | | | |
| ၈ | သောက်သုံးရေ လုံလောက်စွာရရန် | ၈ | Â | Â | | | |
| ၉ | လယ်၊ယာမြေဖော်ထုတ်ရန်နှင့် ပုံစံ-၇ အမြန်ရရှိရန် | ၉ | Â | Â | Â | Â | Â |
| ၁၀ | ဘဏ်နှင့် အခြားချေးငွေရရှိရန် | ၁၀ | Â | Â | Â | | |
| ၁၁ | အိမ်ယာ/အိမ်ယာ လုံလောက်ရန် | ၁၁ | Â | Â | Â | Â | |
| ၁၂ | အလုပ်အကိုင် အခွင့်အလမ်းများရရှိရန် | ၁၂ | Â | Â | Â | Â | Â |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့မှု |
| | | | | ငွေလုံး ငွေရင်းအ သုံးစရိတ် | စွမ်းဆောင် ရည်မြှင့် တင်ရေး | |
| ၁ | လမ်း၊ တံတားများ အမြန်ဖောက်လုပ်ရန် | | | Â | | |
| ၂ | ပညာရေးကဏ္ဍ မြှင့်တင်ပေးရန် | | | Â | | |
| ၃ | ဆက်သွယ်ရေးကောင်းမွန်ရန် | | | Â | | |
| ၄ | နယ်မြေငြိမ်းချမ်းရေးရရှိရန် | | | | Â | |
| ၅ | မူးယစ်ဆေးဝါး ပပျောက်ရန် | | | | Â | |
| ၆ | ကျန်းမာရေးကဏ္ဍ မြှင့်တင်ရန် | | | Â | | |
| ၇ | ရေအားလျှပ်စစ်မီးထုတ်လုပ်ရန် | | | Â | | |
| ၈ | သောက်သုံးရေလုံလောက်စွာရရန် | | | Â | | |
| ၉ | လယ်၊ ယာမြေဖော်ထုတ်ရန်နှင့် ပုံစံ-၇ အမြန်ရရှိရန် | | | Â | | |
| ၁၀ | ဘဏ်နှင့် အခြားချေးငွေများရရှိရန် | | | Â | | |
| ၁၁ | အိမ်ယာ၊ အိမ်သာလုံလောက်ရန် | | | Â | | |
| ၁၂ | အလုပ်အကိုင် အခွင့်အလမ်းများရရှိရန် | | | | Â | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး

ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ–မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(၁၀–၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ–မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့် တင်ရန်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

**(၁၀–၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

### ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေ များအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

### (၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီး တို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ(Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။

ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက် အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**နောက်ဆက်တွဲ ၁**

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၁၃ | ၁၁ | ၂၄ | ၃.၁၄ |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၄၇ | ၄၃ | ၉၀ | ၁၁.၇၈ |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၃၄ | ၃၇ | ၇၁ | ၉.၂၀ |
| ၉ နှစ်အထက်မှ ၁၄နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၄၈ | ၃၅ | ၈၃ | ၁၀.၈၆ |
| ၁၄ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၄၃ | ၂၃၃ | ၄၇၉ | ၆၇.၆၉ |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၂ | ၈ | ၂၀ | ၂.၃၅ |
| **စုစုပေါင်း လူဦးရေ** | | **၃၉၇** | **၃၆၇** | **၇၆၄** | **၁၀၀** |
| **စုစုပေါင်း အိမ်ထောင်စု – ၁၈၃** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ – ၄** | | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေသည် ၆၂.၆%ရှိ၍ အများဆုံးဖြစ်သည်။ ၁နှစ်အောက် နို့စို့အရွယ် ၃%၊ ကျောင်းနေအရွယ် ၂၀%၊ ၆၀နှစ်နှင့် အထက် ၂.၃၅%ရှိပါသည်။ အိမ်ထောင်စု ၁၈၃အိမ်ရှိပြီး၊ တစ်အိမ်ထောင်ရှိ ပျမ်းမျှလူဦးရေမှာ ၄ဦးရှိပါသည်။**

### (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစု ဝင်လုပ်အား | | |
| **၁** | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၀ | | ၁၃ | ၁၁ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | – | – | – | – | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၅ | - | - | ၄ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၁ | - | - | - | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၁.၁ | ၁၂ | - | ဆန်စက်နှင့် ယိုစုံလုပ်ငန်း |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | - | - | ၂ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | - | - | - | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | - | - | ၃ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၃ | - | - | ၁ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉ | - | - | ၁၃ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | - | - | - | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | - | - | ၁ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄၉ | - | - | - | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| | **စုစုပေါင်း** | **၁၈၃** | - | **၁၃** | **၃၅** | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်ခြေစုစု ပေါင်း (၁၈၃) အနက် စိုက်ပျိုးရေးကို လုပ်ကိုင်သော အိမ်ထောင်စု (၂၀) အိမ် ၊ မွေးမြူရေးကိုလုပ်ကိုင်သောအိမ်ထောင်စု (၇) အိမ်၊ သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်ရေးနှင့်သဘာဝရင်းမြစ်များ ထုတ်လုပ်သောအိမ်ထောင်စု (၄၆)အိမ်၊ယာဥ် စက်ကိရိယာ အိမ်သုံးပစ္စည်းများပြင်ဆင်ရေး လုပ်ကိုင်သော အိမ်ထောင်စု(၄)အိမ်၊ ကျွမ်းကျင်ပညာ(ဆံပင်၊အလှပြင်၊ အပ်ချုပ်၊အင်ဂျင်နီယာ)လုပ်ကိုင်သော အိမ်ထောင်စု(၂)အိမ်၊ လက်လီလက်ကားရောင်းဝယ်သော အိမ်ထောင်စု(၄၃)အိမ်၊ပို့ဆောင်ရေး၊သိုလှောင်ရေးနှင့်ဆက်သွယ်ရေးလုပ်ငန်းလုပ်ကိုင်သောအိမ်ထောင်စု (၉)အိမ်၊ ကျန်းမာရေးလုပ်ကိုင်သောအိမ်ထောင်စု(၁)အိမ်၊အိမ်များတွင်အငှားလိုက်လုပ်ကိုင်သူများနှင့် အမျိုးအမည်မဖော်ပြနိုင်သောလုပ်ငန်းလုပ်ကိုင်သောအိမ်ထောင်စု(၅၀)အိမ် ရှိကြောင်းလေ့လာတွေ့ရှိရ ပါသည်။

**(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၂၅၀၀ | ၂၅၀၀ | |
| ၃ | ငါးလုပ်ငန်း – ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | – | – | – | – | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၆၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၂၅၀၀ | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၃၀၀၀ | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၅၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၇၀၀၀ | – | ၅၀၀၀ | – | |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၂၅၀၀ | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | – | ၈၀၀၀ | – | ၆၀၀၀ | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | – | – | – | – | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်**

(၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လယ်ယာလုပ်ငန်း ကျားအများဆုံးလုပ်ခမှာ ၇၀၀၀၊ အနည်းဆုံးလုပ်ခမှာ ၅၀၀၀ဖြစ်ပြီး မအများဆုံးလုပ်ခမှာ၆၀၀၀၊ အနည်းဆုံးလုပ်ခမှာ ၄၀၀၀မှာ ဖြစ်ပါသည်။ သတ္တုတူးဖော်ရေး

ကျောက်ထုတ်လုပ်ရေး ကျား၊မအများဆုံးမှာ ၆၀၀၀နှင့် ၅၀၀၀ဖြစ်ပြီး ကျား၊မ အနည်းဆုံးမှာ ၃၀၀၀နှင့် ၂၅၀၀ဖြစ်ပါသည်။ ရောင်းဝယ်ရေးလုပ်ငန်းတွင် ကျား၊ မ အများဆုံးမှာ ၅၀၀၀နှင့် ၄၀၀၀ဖြစ်ပြီး အနည်းဆုံးမှာ ၃၀၀၀နှင့် ၂၅၀၀ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**(၁.၃) သဘာဝ ရင်းမြစ်များ**

**(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၂၆၉ | သင့် | မရ | |
| ယာမြေ /တောင်ယာ | ၁၂၁ | သင့် | သင့် | |
| ဥယျာဉ်ခြံမြေ | ၂၅ | သင့် | သင့် | |
| အိမ်ခြံဝင်း စိုက်ခင်း | - | | | |
| နှစ်ရှည်သီးနှံစိုက်ခင်း | - | | | |
| ရွှေ့ပြောင်းတောင်ယာ မြေ | - | | | |
| ကိုင်း/ကျွန်းမြေ | - | | | |
| စားကျက်မြေ | - | | | |
| ပလပ်မြေ | - | | | |
| အခြား | - | | | |
| စုစုပေါင်း | ၄၁၅ | | | |

**ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု။**

**မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား–ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်ယာမြေများရှိသော်လည်း မြေဆီလွှာအရည်အသွေးမကောင်းမွန်ခြင်း၊ ဆည်ရေရရှိမှုမရှိခြင်းကြောင့် လယ်တစ်ဧကလျှင် ပျမ်းမျှ၅၀တင်းသာထွက်ရှိပါသည်။ တောင်ယာနှင့် ဥယျာဉ်ခြံမြေများတွင် ဌက်ပျောပင်နှင့် စားသီးနှံများသာ အနည်းငယ်စိုက်ပျိုးနိုင်ပါသည်။**

**(၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ**

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမှီ |

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| အခြား ရင်းမြစ်များ | သင့် | ခက် |
| အခြားသဘာဝရင်းမြစ် | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | နည်း | လက်လှမ်းမမီ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | နည်း | ခက် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အခြားသဘာဝအရင်းအမြစ်များဖြစ်သော ရွှေတူးဖော်ရေး လုပ်ငန်းဆောင်ရွက်မှုများရှိပြီး ရရှိနိုင်မှုမှာ အသင့်အတင့်ရှိပါသည်။ မိသားစုလိုက်တပိုင်တနိုင် ရွှေတူးဖော်ရေးလုပ်ငန်းဆောင်ရွက်မှုများပြီး သဲ၊ ကျောက်တိုက်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြပါသည်။ ရွှေတူးများဖြင့် ဆောင်နေသောကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများရှိပါသည်။ တောမီးရှို့ခြင်း၊ သစ်အလွန်အကျွံခုတ်ခြင်းများကြောင့်လည်း သဘာဝတိရစ္ဆာန်မျိုးစိတ်များ ထိခိုက်မှုရှိပါသည်။ ထို့အတွက်ကြောင့် သဘာဝအပင်မျိုးစိတ်များလည်း ထိခိုက်မှုရှိပါသည်။**

**(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | (၄၀)ဧက | (၃၀)ဧက | (၅)ဧက | မရှိ |
| အိမ်အခြေအနေ | သွပ်မိုး၊နံကပ် | သွပ်မိုး၊ ပျဉ်ထောင်၊ ခင်း | ရုံးမိုး၊ ကြမ်းခင်း | မိုးကာ၊ ဝါးခင်း |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ထွန်စက် | လှည်း၊ နွား | ထယ်၊ ထွန် | ပေါက်ပြား၊ ဂေါ်ပြား |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ဖိမ်ခံကား၊ ဆိုင်ကယ်၊ TV၊ စလောင်း၊ ဖုန်း | ဆိုင်ကယ်၊ သုံးဘီး၊ TV၊ အောက်စက် | ဆိုင်ကယ်၊ ဝက်၊ ကြက်၊ ခေါက်TV | စက်ဘီး၊ အင်ဝိုင်း၊ တူးရွင်း၊ ပုဆိန် |
| အဓိကစီးပွားရေး လုပ်ငန်း | ရွှေတူးဖော်ခြင်း၊ ရွှေ ဆိုင်၊ ဈေးရောင်း၊ လယ် | အိမ်ဈေးဆိုင်၊ လယ်၊ ယာ | ကယ်ရီ၊ သုံးဘီး၊ တပိုင်တနိုင် | ကျပန်း |
| အိမ်ထောင်စု – ၁၈၉ | ၁၂ ( ၇%) | ၄၅(၂၅%) | ၇၇(၄၂%) | ၄၉ (၂၇%) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ရွေတူးဖော်ခြင်းလုပ်ငန်းများကို အဓိကထား လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုအဆင့်(၇)%၊ အလယ်အလတ်အိမ်ထောင်စု အဆင့်(၂၅)%၊ ဆင်းရဲသောအိမ်ထောင်စုအဆင့်(၄၂)%နှင့် အလွန်ဆင်းရဲသောအိမ်ထောင်စုအဆင့်(၂၇)%ရှိ ကြောင်းလေ့လာတွေ့ရှိရပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာဖူလုံမှု

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၁၃ | ၃၅% | တစ်နေ့လုပ်တစ်နေ့စား၊မိတ်ဆွေအကူအညီရယူ |
| ၃ လနှင့် ၅ လ အထိ | ၆ | ၁၆% | လုပ်ငန်းရှင်များထံမှ ကြိုတင်ထုတ်ယူ |
| ၆လ မှ ၁၂ လ အထိ | ၀ | ၀ | |

**ရင်းမြစ် .. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိအဆင့်(၃)၊ အဆင့်(၄)အိမ်ထောင်စုများသည်(၃)လအောက် (၁၃)အိမ်ထောင်စုနှင့် ၃လနှင့် ၆လအောက် (၆)အိမ်ထောင်စုသည် တစ်နေ့လုပ်တစ်နေ့စား ဖြေရှင်းနေရပါကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | ၆ | ၄ | ၁၀ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၉ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၃ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၅ | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ ထိခိုက်လွယ်မှုအခြေအနေလေ့လာမှုတွင် အမျိုးသားအိမ်ထောင်

ဦးစီးအများစုမှာ မူးယစ်ဆေးဝါးသုံးစွဲ၍ ပျက်စီးကာ အမျိုးသမီးများနှင့် ကလေးများမှာ ကူညီစောင့်ရှောက်မှု လိုအပ်သောမိသားစုဝင်များအဖြစ် လေ့လာတွေ့ရှိရပါသည်။

**(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုတွင် အလုပ်အကိုင်ရှားပါးခြင်း၊ အလုပ်ရှိသော်လည်း ကြွေးမြီစနစ်ကြီးထွားနေခြင်းများကြောင့် ဆင်းရဲသောအိမ်ထောင်စုများအတွက် ထိခိုက်သက်ရောက်မှုမြင့်မားနေပါသည်။ သစ်တောများပြုန်းတီးခြင်းကြောင့်လည်း ရာသီဥတုဒဏ်ကို ပိုမိုဆိုးရွားစွာ ခံစားနေကြရပါသည်။ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | လတ် | |
| ၃ | ရေကြီးခြင်း | နိမ့် | |
| ၄ | မိုးခေါင်ခြင်း | လတ် | |
| ၅ | အအေးလွန်ကဲခြင်း | လတ် | |
| ၆ | မုန်တိုင်း | နိမ့် | |
| ၇ | လျှော် | နိမ့် | |
| ၈ | မီးဘေး | လတ် | |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | မြင့် | ကျေးရွာ၏ မြေဆီလွှာပျက်စီးမှုမှာ မြင့်မားသော အခြေအနေတွင်ရှိ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | |
| ၁၂ | ငှက်ဖျားရောဂါ | လတ် | |
| ၁၃ | တီဘီရောဂါ | နိမ့် | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | လတ် | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | လတ် | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် | |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | မြင့် | လမ်းပန်းဆက်သွယ်ရေးမှာ ကျေးရွာ၏အခက်အခဲဆုံး ပြဿနာတစ်ရပ်ဖြစ်ပါသည်။ |
| ၁၉ | အခြား | – | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ လေ့လာတွေ့ရှိချက်များအရ သစ်တောပြုန်းတီးမှုအနေအထားမှာ စိုးရိမ်စရာ အခြေအနေသို့ရောက်ရှိနေကာ၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် ဌာနဆိုင်ရာများ၏ အလေးထားစောင့်ရှောက်မှု အထူးလိုအပ်နေပါသည်။

### (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် | အလုပ်အကိုင်ရှားပါး |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | အလုပ်အကိုင်ရှားပါး |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | နိမ့် | ထိခိုက်မှုမရှိပါ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | ထိခိုက်မှုမရှိပါ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | ထိခိုက်မှုမရှိပါ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူမျ ား (IDP) | နိမ့် | ထိခိုက်မှုမရှိပါ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | ထိခိုက်မှုမရှိပါ |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | ထိခိုက်မှုမရှိပါ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | အလုပ်အကိုင်ရှားပါးခြင်း |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | ထိခိုက်မှုမရှိပါ |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင် နေထိုင်သူများ | လတ် | စီးပွားရေးလုပ်ငန်းများ လုံခြုံရေးအတွက်စိုးရိမ်ရခြင်း |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | ထိခိုက်မှုမရှိပါ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၄ | ရွှေတွင်းလုပ်သား | မြင့် | ကုပ္ပဏီကြီးများမှ ရွှေလုပ်ကွက်များအား ဖမ်းဆီးအရေးယူမှု နည်းပါးခြင်း ကြီးစိုးခြင်း |
| ၁၅ | ဆေးစွဲသူများ | မြင့် | |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | မြင့် | မူးယစ်ဆေးဝါးဆေးထိုးအပ်များမှတဆင့်ကူးစက်နိုင်ခြင်း |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | လတ် | အလုပ်အကိုင်ရှာပါးခြင်း |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | ထိခိုက်မှုမရှိပါ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | ထိခိုက်မှုမရှိပါ |
| ၂၀ | ကားသမား | နိမ့် | ထိခိုက်မှုမရှိပါ |
| ၂၁ | အခြား | – | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှုများကြောင့် ထိခိုက်မှု မြင့်မားပါသည်။ အလုပ်အကိုင်ရှားပါးခြင်းကြောင့် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုများ၊ လက်လုပ်လက်စားများ၊ ကျပန်း၊ လှည့်လည်သွားလာ၍ ဈေးရောင်းသူများ ထိခိုက်မှုမြင့်မားပါသည်။ ရွှေတူးဖော်ခြင်းလုပ်ငန်းတွင် ကုမ္ပဏီကြီးများမှ စက်ယန္တရားများဖြင့် လုပ်ကိုင်ခြင်း၊ ဒေသခံရွှေလုပ်သားများထိခိုက်မှုမြင့်မားပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

#### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ရပ်မိရပ်ဖွဲ့ | ၂/၃ | ၁၁ | – | ၁၁ | ရပ်ရွာဖွံ့ဖြိုးရေး | ၄ | ၆ |
| ၂ | ဂေါပကအဖွဲ့ | ၃ | ၅ | – | ၅ | ဘာသာ/သာသနာ | ၄ | ၆ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၃ | မီးသတ်အဖွဲ့ | ၂ | ၁၀ | - | ၁၀ | ကျေးရွာလုံခြုံရေး | ၄ | ၈ |
| ၄ | နာရေးကူညီမှုအဖွဲ့ | ၂ | ၃၀ | ၁၅ | ၄၅ | နာရေးကူညီမှု | ၄ | ၆ |
| ၅ | လူငယ်များအဖွဲ့ | ၂ | ၂၅ | ၂၀ | ၄၅ | သာရေး/နာရေး | ၄ | ၆ |
| ၆ | အမျိုးသမီးများအဖွဲ့ | ၂ | - | ၁၀ | ၁၀ | အမျိုးသမီးရေးရာ | ၄ | ၇ |
| ၇ | မြတ်ကျွန်းသာ | | | | | | | |
| ၈ | ဖူလ်တန် | | | | | | | |
| ၉ | ကျေးရွာရန်ပုံငွေအဖွဲ့ | | | | | | | |
| ၁၀ | မီးလင်းရေးကော်မတီ | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေးကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေးကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) – ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း(၆)ဖွဲ့ရှိပြီး အဖွဲ့အစည်းအားလုံးသည် ကျေးရွာဖွံ့ဖြိုးရေး၊ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ကြပါသည်။ အရံမီးသတ်အဖွဲ့အစည်း၏ စွမ်းဆောင်နိုင်မှုသည် ညံ့အဆင့်ထိရှိပါကြောင့် လေ့လာတွေ့ရှိရပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | မဟာသြဘာငွေစုငွေချေး လုပ်ငန်း | | |
| ၂ | မြတ်ကျွန်းသာငွေစုငွေချေး လုပ်ငန်း | | |
| ၃ | ဖူလ်တန်ငွေစုငွေချေးလုပ်ငန်း | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း** (**ဥပမာ** – UK Aid, GIZ **စသည့်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ ကျေးရွာတွင် ဆောင်ရွက်မှု မရှိပါကြောင့် လေ့လာတွေ့ရှိရပါသည်။**

## (၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

## (၂.၂.၁) သီးနှံထုတ်လုပ်ရေး

### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၆၃ | ၈၉% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | - | - | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၇ | ၄% | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၁၃ | ၇% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | - | - | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၁၈၃ | ၁၀၀% | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် တောင်သူငယ်(၄)%ရှိပြီး တောင်သူကြီး (၂၁)%နှင့် မြေယာမဲ့မှာ (၇၅)%ရှိပါသည်။ ကျေးရွာတွင် အဓိကလုပ်ငန်းမှာ ရွှေတူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ကြပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ**

**ဇယား (၁၄)** ကျေးရွာ၏ ရေရင်းမြစ်နှင့် **ရေသွင်းဧရိယာ**

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | - | | | |
| ၂ | ရေလွှဲဆည် | - | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | - | | | |
| ၄ | အဝီစိတွင်း | - | | | |
| ၅ | လက်ငင် ရေတွင်း | - | | | |
| ၆ | စိမ့်စမ်းရေ | - | | | |
| ၇ | ချောင်းရေ | - | | | |
| ၈ | အခြား | - | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာမရှိပါ။ ကျေးရွာရှိ တောင်သူများသည် စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကထားဆောင်ရွက်ကြပါသည်။ ချောင်းငယ်၊ မြောင်းငယ်များကို ပြုပြင်ဆောင်ရွက်၍ စိုက်ပျိုးရေးရရှိရန်အတွက် ဆောင်ရွက်ကြပါကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၂.၁.၃)　အဓိကသီးနှံများနှင့် အထွက်နှုန်း

**ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်း စိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| စပါး | ၂၆၉ | တင်း | ၄၀ | ၆၀ | ၅၀ | ဝါဆို | အောက်တိုဘာ | | နိမ့် | |
| ငှက်ပျော | ၁၂၁ | ဖီး | ၃၀၀ | ၄၀၀ | ၃၅၀ | ၃လ | ၄လ | လတ် | လတ် | |
| စားသီးနှံ | ၂၅ | ပိဿ | ၁၀၀ | ၂၀၀ | ၁၅၀ | ၁လ | ၂လ | လတ် | လတ် | |
| | | | | | | | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စပါးစိုက်ဧက (၂၆၉)ဧကရှိပြီး အများဆုံးသီးနှံထွက်နှုန်းမှာ ၆၀တင်းနှင့် အနည်းဆုံးသီးနှံထွက်နှုန်းမှာ ၄၀တင်းရှိပါသည်။ စိုက်ပျိုးရေးအထွက်သွင်းအားစု လိုအပ်ချက်မှာ မြင့်မားပါသည်။ ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစပါးများကို ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူရပါသည်။ ထို့အတွက်ကြောင့် အမြတ်ရရှိနိုင်မှုမှာ နိမ့်ပါသည်။ အခြားသီးနှံဖြစ်သော ငှက်ပျောစိုက်ဧက (၁၂၁)ဧကရှိပြီး အများဆုံးမှာ (၄၀၀)ဖီးနှင့် အနည်းဆုံး (၃၀၀)ဖီးရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၂.၁.၄)လယ်ယာသုံးစက်ကိရိယာများ

**ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု**

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | ၄ | – | – | – | – | ၁၅ | |

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| **လက်တွန်းထွန်စက်** | ၁ | - | - | - | - | - | |
| **အစေ့ချ ကိရိယာ** | - | - | - | - | - | - | |
| **ရိတ်သိမ်းခြွေလှေ့စက်** | - | - | - | - | - | - | |
| **ရိတ်သိမ်းစက်** | - | - | - | - | - | - | |
| ခြွေလှေ့စက် | - | - | - | - | - | - | |
| ရေစုပ်စက် | ၁၀ | - | - | - | - | - | |
| ခြေနင်းရေတင်စက် | ၁ | - | - | - | - | - | |
| **မြက်ရိတ်စက်** | - | - | - | - | - | - | |

**ရင်းမြစ်**… (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ တောင်သူလယ်သမားအများကို လေ့လာရာတွင် ယခုစာရင်းပြုစုချိန်နှစ်အထိ လယ်မြေဖော်ထုတ်ရာတွင် နည်းပညာ၊ လယ်ယာသုံးပစ္စည်း၊ ငွေကြေးအရင်းအနှီး၊ ဌာနဆိုင်ရာပိုင်း ချိတ်ဆက်မှုအစစအရာရာ အားနည်းနေသည်ကို လေ့လာတွေ့ရှိရပါသည်။

**(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီဩဇာ)** | **မြေလွတ်မြေရိုင်း (ကေ)များစွာရှိပါသည်။** |
| **ရေရင်းမြစ်** | **မိုးရေနှင့် ချောင်းရေတင်မှ ရရှိပါသည်။** |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေဩဇာ | **ဆန်စက်မှ စပါးခွံ၊ ဖွဲနု၊ ဆီစက်မှ ပဲခွံများကို အသုံးပြု၍ သဘာဝမြေဆွေးများ ရရှိမှုများပါသည်။** |
| အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး | **စိုက်ပျိုးရေးဆေးများ လက်လှမ်းမမှီပါ။** |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | **မရှိပါ။** |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ | **မရှိပါ။** |

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| သွင်းအားစုဈေးကွက် | **မရှိပါ။** |
| ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု | **လမ်းပန်းဆက်သွယ်ရေးခက်ခဲ၍ ကုန်သွယ်မှုခက်ခဲပါသည်။** |
| အခြား | – |

**ရင်းမြစ် …** (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စိုက်ပျိုးမြေလွတ်မြေရိုင်းရှိပါသည်။ ထိုမြေလွတ်မြေရိုင်းများသည် သစ်တောမြေများဖြစ်ပြီး တရားမဝင်ရွှေလုပ်ကွက်များ ဆောက်ရွက်မှုများရှိပါသည်။ စိုက်ပျိုးရေးဆောင်ရွက်ရန်အတွက် မိုးတွင်းကာလ လမ်းပန်းဆက်သွယ်ရေးခက်ခဲ၍ လုပ်သားခေါ်ယူရန်ခက်ခဲခြင်း ဓာတ်မြေဩဇာဈေးကြီးခြင်း၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးဈေးကြီးခြင်းဖြစ်ပါသည်။ ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးခက်ခြဲ၍ ကုန်သွယ်မှုခက်ခဲပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၂.၂.၁.၆)သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ**

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | **မြေလွတ်မြေရိုင်းများစွာရှိသော်လည်း၊ နည်းပညာ၊ အရင်းအနှီးအားနည်းပါသည်။** |
| မြေဆီဩဇာ အခြေအနေ | **တောရိုင်းမြေဆီလွှာဖြစ်ပါသည်။** |
| ငွေကြေးအရင်းအနှီးရရှိနိုင်မှု | **ဘဏ်နှင့် ပတ်သက်သော ငွေကြေးချေးယူရနိုင်မှုနည်းပါးပါသည်။** |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | လမ်းပန်းဆက်သွယ်ရေးခက်ခြခြင်းကြောင့် သွင်းအားစုအချိန်မှီရရှိ အသုံးချနိုင်မှု လက်လှမ်းမမှီပါ။ |
| လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | **လူဦးရေအများစုမှာ ရွှေနှင့်ပတ်သက်သော လုပ်ကိုင်နေကြ၍ စိုက်ပျိုးရေး ကျွမ်းကျင်မှု နည်းပါးကြပါသည်။** |
| ရေရင်းမြစ်များ ရရှိနိုင်မှု | **ဆည်မရှိ၍ မိုးရေကိုသာ အားထားတေကြရသည်။** |
| စိုက်ပျိုးရေမလုံလောက်မှု | **မိုးရာသီအပ ကျန်ရာသီများတွင် ရေပြတ်တောက်။** |
| ဖျက်ပိုးနှင့် ရောဂါ | **ဖျက်ပိုး၊ ရောဂါအတွက် ဆေးဝါးနှင့် ဗဟုသုတအားနည်း** |
| ဈေးကွက် လက်လှမ်းမီမှု | **ဆက်သွယ်ရေးလမ်းမကောင်း၍ အခက်အခဲရှိ။** |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | **ဌာနဆိုင်ရာများနှင့် ချိတ်ဆက်မှု အားနည်း၍ နည်းပညာအကူအညီ လုံးဝမရရှိပါ။** |
| **အခြား** | – |

**ရင်းမြစ် …** (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။**

**လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးမြေနှင့် ပတ်သက်၍ လုပ်ကိုင်ခြင်းမရှိဘဲ ကြိုတင်မှတ်သားထားခြင်းများ**

**အပေါ် လယ်လုပ်ကိုင်လိုသူများမှ အခက်အခဲဖြစ်ပေါ်နေ ရွှေလုပ်ငန်းနှင့် ပတ်သက်၍ ကုမ္ပဏီအမည်ခံအဖွဲ့များမှ လုပ်ကွက်ဆွဲမည်ကို စိုးရိမ်ဖွယ်တွေ့ရှိ။ လယ်ယာပိုင်ဆိုင်ခွင့်(ဥပမာ- ပုံစံ-၇) လက်ဝယ်မရှိ၍ သက်ဆိုင်ရာမှ လယ်ဖော်ထုတ်ရန် မြေများကို ကြိုတင်မှတ်သားထား၍ ကျေးရွာဧရိယာသတ်မှတ်၍ ကာကွယ်ပေးရန်လိုအပ်သည်။**

**(၂.၂.၂) မွေးမြူရေးလုပ်ငန်း**

**(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

**ဇယား** (၁၉) **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| **ခိုင်းနွား** | ၁၄ | ၅၉ | |
| **နို့စားနွား** | - | - | |
| **မြင်း** | ၁ | ၃ | |
| **ကျွဲ** | - | - | |
| မြည်း | - | - | |
| လား | - | - | |
| ဆိတ် | ၁ | ၁ | |
| သိုး | - | - | |
| ဝက် | ၃၀ | ၁၁၄ | |
| ကြက် | ၅၀ | ၅၆၆ | |
| ဘဲ | ၂ | ၂ | |
| နွားနောက် | - | - | |
| အခြား | - | - | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | - | - | |
| ပုဇွန်ကန် | - | - | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | - | |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - | |
| အခြား | - | - | |

**ရင်းမြစ်...** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ လယ်မြေဖော်ထုတ်ရာတွင် လိုအပ်သော ကျွဲ၊ နွားစသည့်တို့ပိုင်ဆိုင်မှု နည်းပါး၍ အခက်အခဲများစွာ ရှိပါသည်။ ကျေးရွာတွင် တပိုင်တနိုင်မိသားစုအလိုက်မွေးမြူရေးလုပ်ငန်းကိုလုပ်ကိုင်ကြသော

အိမ်ထောင်စု၅ဂရှိပြီး ခိုင်းနွား(၅၉)ကောင်၊ မြင်း(၃)ကောင်၊ ဆိတ်(၁)ကောင်၊ ဝက်(၁၁၄)ကောင်၊ ကြက်(၅၆၆)ကောင် မွေးမြူကြပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| **စားကျက်မြေ** | **စားကျက်မြေအတွက် မြေလွတ်မြေရိုင်းများစွာရှိ။** |
| **ရေရရှိမှု** | **နွေရာသီတွင် အနည်းငယ်ရေပြတ်လပ်မှုရှိပါသည်။** |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | |
| ချေးငွေ | **ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေများမှ ချေးပေးလျှင်တပိုင်တနိုင် မွေးမြူနိုင် မည်။** |
| သွင်းအားစုဈေးကွက် | – |
| ဝန်ဆောင်မှုဈေးကွက် | **အနီးအနားရှိလူဦးရေများပြား၍ ဈေးရှိသော ဆယ်ဇင်းကျေးရွာတွင် ဈေး ကွက်နှင့် ထုတ်ကုန်ရောင်းဝယ်နိုင်ပါသည်။** |
| ထုတ်ကုန်ရောင်းဝယ်မှု | – |
| **အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု** | **အိမ်ခြေ(၄၀)%မှာ မွေးမြူရေးအတွက် လုံလောက်သောခြံဝင်းမြေရှိပါ သည်။** |
| **အခြား** | – |
| **ငါးလုပ်ငန်း** | |
| **ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု** | – |
| **ချေးငွေ** | – |
| **သွင်းအားစု လက်လှမ်းမီမှု** | – |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | **ငါးကန်ဖော်ဆောင်ရန် မြေနေရာများစွာရှိ၊ နည်းပညာအကူအညီလိုအပ် ပါသည်။** |
| ထုတ်ကုန်ရောင်းဝယ်မှု | **ထုတ်ကုန်ရောင်းဝယ်မှုအတွက် လုံလောက်သော လူဦးရေနှင့် ဈေးကွက် ရှိပါသည်။** |
| **အခြား** | – |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ စားကျက်မြေအတွက် မြေလွတ်မြေရိုင်းများစွာရှိ။မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် နွေရာသီတွင် အနည်းငယ်ရေပြတ်လပ်မှုရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေများမှ ချေးပေးလျှင်တပိုင်တနိုင် မွေးမြူနိုင် မည်။ အနီးအနားရှိလူဦးရေများပြား၍ ဈေးရှိသော ဆယ်ဇင်းကျေးရွာတွင်**

**ဈေး ကွက်နှင့် ထုတ်ကုန်ရောင်းဝယ် နိုင်ပါသည်။ အိမ်ခြေ(၄၀)%မှာ မွေးမြူရေးအတွက် လုံလောက်သောခြံဝင်းမြေရှိပါ သည်။ ငါးကန်ဖော်ဆောင်ရန် မြေနေရာများစွာရှိ၊ နည်းပညာအကူအညီလိုအပ်ပါသည်။ ထုတ်ကုန်ရောင်းဝယ်မှုအတွက် လုံလောက်သော လူဦးရေနှင့် ဈေးကွက် ရှိပါသည်။**

### (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ဈေးငွေရရှိနိုင်မှု | ဌာနဆိုင်ရာ ချိတ်ဆက်နိုင်မှု အားနည်းသည်။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ရောဂါဖြစ်ပွားမှုများကို နီးစပ်ရာ ဆေးမြီးတိုများနှင့်သာ ကုသပေးနေ။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | – |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | ဌာနဆိုင်ရာ ချိတ်ဆက်မှုနှင့် ဆင်းရဲမွဲတေမှု။ |
| အခြား | – |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | – |
| ဈေးငွေရရှိနိုင်မှု | – |
| အခြား | – |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မွေးမြူရေးအတွက် ဈေးငွေရရှိရန် ဌာနဆိုင်ရာများနှင့် ချိတ်ဆက်မှု အားနည်းပါသည်။ တိရိစ္ဆာန်များ ကူးစက်ရောဂါဖြစ်ပွားမှုများတွင် နီးစပ်ရာ ဆေးမြီးတိုများနှင့် ကုသပေးကြပါသည်။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ၊ လေလံလက်လှမ်းမှီမှုမှာ ဌာနဆိုင်ရာနှင့် ချိတ်ဆက်မှုအားနည်းခြင်း၊ လေ့လာမှုအားနည်းခြင်း၊ ဗဟုသုတမရှိခြင်းများကြောင့် ပြဿနာနှင့် စိန်ခေါ်မှုများစွာရှိပါသည်။**

### (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| **စဉ်** | **လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)** | **လုပ်ငန်း အရေအတွက်** | **ဝန်ထမ်း / အလုပ်သမား အရေအတွက်** | **မိသားစု ဝင် လုပ်အား** | **ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်** |
|---|---|---|---|---|---|

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | ၄၆ | ၄ | - | |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | - | - | - | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | - | - | - | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | ၄ | ၂ | - | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၂ | ၃ | - | |
| ၇ | လက်လီ–လက်ကားရောင်းဝယ်ရေး | ၄၃ | ၁ | - | |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | - | - | - | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | - | - | - | |
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | - | - | - | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | - | - | - | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းမျ ား ( အုပ်ချုပ်ရေး၊ | - | - | - | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ကာကွယ်ရေးနှင့် **ဘေးကင်းလုံခြုံရေး**) | | | | |
| ၁၃ | ပညာရေး | ၁ | - | - | |
| ၁၄ | ကျန်းမာရေး | - | - | - | |
| ၁၅ | လူမှုရေးလုပ်ငန်းများ | - | - | - | |
| ၁၆ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | ၅၀ | ၁ | - | |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies. etc.,) | - | - | - | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ** | **၁၅၆** | **၂၄** | **-** | |

**ရင်းမြစ်** …(၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာတွင် ကျောက်ထုတ်ရေးနှင့်သဘာဝရင်းမြစ်များ ထုတ်လုပ်သော အိမ်ထောင်စု (၄၆)အိမ်၊ယာဉ် စက်ကိရိယာ အိမ်သုံးပစ္စည်းများပြင်ဆင်ရေး လုပ်ကိုင်သော အိမ်ထောင်စု(၄)အိမ်၊ ကျွမ်းကျင်ပညာ(ဆံပင်၊အလှပြင်၊ အပ်ချုပ်၊အင်ဂျင်နီယာ)လုပ်ကိုင်သော အိမ်ထောင်စု(၂)အိမ်၊ လက်လီလက်ကားရောင်းဝယ်သော အိမ်ထောင်စု(၄၃)အိမ်၊ ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့်ဆက်သွယ်ရေးလုပ်ငန်းလုပ်ကိုင်သောအိမ်ထောင်စု (၉)အိမ်၊ ကျန်းမာရေးလုပ်ငန်းလုပ်ကိုင်သောအိမ်ထောင်စု(၁)အိမ်၊အိမ်များတွင်အငှားလိုက်လုပ်ကိုင်သူများနှင့် အမျိုးအမည်မဖော်ပြနိုင်သော လုပ်ငန်းလုပ်ကိုင်သောအိမ်ထောင်စု(၅၀)အိမ် ရှိကြောင်းလေ့လာတွေ့ရှိရ ပါသည်။

## (၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃–က) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ရွှေတွင်းလုပ်ငန်း | **လက်ရှိကျေးရွာတွင် ရွှေလုပ်ငန်းကို အဓိကလုပ်ကိုင်နေကြသည်။** |
| ကုန်စည်ရောင်းဝယ်မှုဈေးကွက် ရှိခြင်း | **ကျေးရွာ၏အနီးတွင် ရောင်းဝယ်နိုင်သော ဈေးကွက်ရှိနေခြင်း။** |
| သယ်ယူပို့ဆောင်ခြင်း | **သုံးဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီများဖြင့် ဝန်ဆောင်မှု ပြုလုပ်နိုင်ခြင်း။** |
| နေ့စား/လစားအလုပ်အကိုင်များ ပြုလုပ်နိုင်ခြင်း | **ရွှေမျောနှင့် လယ်ယာမြေများရှိသဖြင့် အလုပ်များလုပ်ကိုင်နိုင်သည်။** |
| | |

